ရေရှမ်းကျေးရွာ

ပုလောမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေရှမ်းကျေးရွာ၊ ပုလောမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

ရေရှည်းကျေးရွာ အရင်းအမြစ်ပြဓြေပုံ၊ ပုလောမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၇

(၁) **နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) **ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၀

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) **ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ** ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၆

(၇) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၁၈

(၈) **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၀

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၄

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၆

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၇

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၀

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၂

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၆

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၂

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၃

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ဘဏ္ဍာရေးနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ရေရှမ်းကျေးရွာ၏ ကျေးရွာသူ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင် ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များ ကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက် များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး

တိုးတက်ရေးဦးစီးဌာန၊ ပုလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံချက်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံချက်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေရှမ်းကျေးရွာ

ပုလောမြို့နယ်

ရေရှုမ်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ပုလောမြို့နယ်



ရည်ညွှန်း- ရေရှုမ်းကျေးရွာ၊ ရေရှုမ်းကျေးရွာအုပ်စု၊ ပုလောမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၀-၂၁ ရက်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေဖြင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင် ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ)စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့် သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီး တစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသတစ်ခု ဖြစ်ပါသည်။ ပုလောမြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ အလယ်ပိုင်းတွင် တည်ရှိပြီး ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ မြိတ်မြို့နှင့် တနင်္သာရီမြို့များဖြင့် ထိစပ်လျက်ရှိပြီး ရန်ကုန် - ကော့သောင်း ကားလမ်းမကြီးနှင့် ဆက်သွယ်ထားပါသည်။

ရေရှမ်းကျေးရွာသည် ပုလောဖျားကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပုလောမြို့မှ (၇) မိုင်နှင့် မြိတ်မြို့မှ (၆၀) မိုင်ခန့် ကွာဝေးပါသည်။ ပတ်ဝန်းကျင်ရွာများမှာ သာယာကုန်းကျေးရွာ၊ မဒေါကျေး ရွာ၊ ဇာတိဝင်းကျေးရွာတို့ ဖြစ်ကြပါသည်။ ပုလောမြို့နယ်၏ (၂၀၁၄) ခုနှစ် အတွင်း မိုးရွာရက်ပေါင်း (၁၃၉) ရက် နှင့် မိုးရေချိန်မှာ (၂၀၇.၁၃) လက်မ အထိ ဖြစ်ပါသည်။

ပုလောမြို့နယ်သည် တနင်္သာရီရိုးမမှ ဖြာဆင်းလာသော တောင်တန်းများနှင့် မြေပြန့် လယ်ယာများ ပါဝင်သော ပင်လယ်ကမ်းရိုးတန်းဒေသတစ်ခုလည်း ဖြစ်ပါသည်။ ရေရှမ်းကျေးရွာ သည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသနှင့် တောင်ကုန်းဆက်စပ်နေသော အပိုင်းတွင် တည်ရှိ ပါသည်။ ရန်ကုန် - ကော့သောင်း ကားလမ်းမကြီးနှင့် (၆) မိုင်ခွဲခန့် ကွာဝေးပြီးကျေးရွာသို့ ချဉ်းကပ် လမ်းဖြစ်သည့် ဂျင့်ကာကျေးရွာမှ ဒူးရင်းပင်ရှောင်လမ်းမှာ မြေသားလမ်းဖြစ်၍ မိုးတွင်းကာလတွင် ဗွက်ထ၍ ချောင်းသဖွယ်ပင်ဖြစ်နေပြီး သွားလာရန် အလွန်ပင်ခက်ခဲပါသည်။ ရေလမ်းခရီးကို ဝါဆိုလမှ တောင်သလင်းလအထိ (၃ လခန့်သာ) အသုံးပြုနိုင်ပြီး အခြားသောလများတွင် ချောင်း ကောသဖြင့် အသုံးမပြုနိုင်ပါ။ ရေရှမ်းကျေးရွာသည် လယ်လုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကို အဓိက လုပ်ကိုင်သော ကျေးရွာတစ်ရွာလည်း ဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

ပုလောမြို့နယ်သည် သဘာဝသယံဇာတနှင့် ပတ်သက်၍ အနည်းငယ်ထွက်ရှိသော ဒေသ ဖြစ်သည်။ ကျေးရွာတွင် လမ်း၊ တံတား၊ အဆောက်အဦများ ဆောက်လုပ်ရာတွင် အသုံးပြုနိုင်မည့် ချောင်း ကျောက်၊ သဲ စသည်တို့ကို အနီးအနားရှိ ချောင်းများမှ အလွယ်တကူ ရယူနိုင်ကြပါသည်။ တောတောင်များနှင့် အလှမ်းမဝေးသဖြင့် တောတိရစ္ဆာန်များ တစ်ခါတစ်ရံ ရရှိလေ့ရှိသော်လည်း လူနေထူထပ်လာ၍ ရှားပါးလာပြီ ဖြစ်ပါသည်။ ဆေးဖက်ဝင် ကမ်းဧော်ပင် ထွက်ရှိသောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။ ရေရှမ်းကျေးရွာသည် စိမ့်စမ်းရေ ပေါများသောဒေသ ဖြစ်ပြီး၊ သောက်သုံးရေနှင့် ဥယျာဉ်ခြံများအတွက် သဘာဝစိမ့်စမ်းရေကို မှီခို အားထားပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

ရေရှမ်းကျေးရွာတွင် အိမ်ထောင်စု(၆၈)စုရှိပြီး စုစုပေါင်းလူဦးရေ (၄၃၅)ဦး ရှိပါသည်။ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက်(၃၃)ဦးပို၍ (၈)ရာခိုင်နှုန်းခန့်ပိုများသည်ဟု ဆိုရမည် ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော လူဦးရေမှာလည်း (၅၇)ရာခိုင်နှုန်းခန့်ရှိသဖြင့် ကျန်သည့် (၄၃)ရာခိုင်နှုန်းသော လူဦးရေမှာကျေးရွာ၏ ဝင်ငွေအပေါ် မှီခိုအားထားနေသည့် အခြေအနေ ဖြစ်ပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ရွာသူ၊ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့် ခွဲခြားမှု နည်းလမ်းအရ (၇၄) ရာခိုင်နှုန်းနီးပါးမှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများမှာ လယ် (သို့မဟုတ်) ဥယျဉ်ခြံမြေ (၁၀-၂၀) ဧကကြား ပိုင်ဆိုင်သူများဖြစ်ပြီး အုတ်ဖိနပ် ခြေတံရှည်၊ ပျဉ်ခင်း၊ သွပ်မိုးတို့ဖြင့် နေထိုင်ကြပါသည်။ လုပ်ငန်းသုံးအနေဖြင့် မြက်ရိတ်စက်ကဲ့သို့သော စက်ငယ်ကလေးများကို ပိုင်ဆိုင်ကြသည်။ အလယ်အလတ် အဆင့်ရှိ အိမ်ထောင်စုများမှာ ဥယျာဉ်ခြံမြေ (၅ - ၁၀) ဧကကြား ပိုင်ဆိုင်ကြပြီး အိမ်အနေအထားမှာ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းဖြင့် နေထိုင်၍ အချို့သော အိမ်ထောင်စုများသာ မြတ်ရိတ်စက် ကဲ့သို့သော လုပ်ငန်းသုံး စက်များ ပိုင်ဆိုင်ကြသည်။ ဆင်းရဲသော အိမ်ထောင်စုများမှာ ဥယျာဉ်ခြံမြေ (၃ - ၅) ဧက ကြား ပိုင်ဆိုင်ကြပြီး တောင်ထန်းမိုး၊ ထရံကာ၊ ကြမ်းခင်းဖြင့် နေထိုင်ပြီး လုပ်ငန်းသုံး စက်ကိရိယာ ပိုင်ဆိုင်မှု မရှိကြချေ။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ ဥယျာဉ်ခြံမြေ(၂) ဧကအောက် ပိုင်ဆိုင်ကြပြီး၊ တောင်ထန်းမိုး၊ ထရံကာ၊ ဝါးခင်းတို့ဖြင့် နေထိုင်ကြပြီး ကျပန်း လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကျောင်း ပြုကြသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဝင်ငွေနည်းမိသားစုများသည် လယ်ယာမြေ အနည်းငယ်ပိုင်ဆိုင်ကြသဖြင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်၍ ဝမ်းစာအတွက် (၅-၆) လစာ သိုလှောင်ထားနိုင်၍အခြား အချိန်များတွင်မူ ဈေးကြွေးယူခြင်း၊ အတိုးဖြင့် ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ မိသားစုများတွင် (၂၂) အိမ်ထောင်စုမှ မိသားစုဝင်အချို့သည် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ ရေရှမ်းကျေးရွာ၏ ထိခိုက်လွယ်မှု ဖြစ်နိုင်ချေ အများဆုံးအခြေအနေမှာ အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ရသဖြင့် ရောဂါကူးစက်မှု ခံရနိုင်ခြေရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု မရှိခြင်းကြောင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ တောတောင်များအနီးတွင် ရှိသောကြောင့် အိမ်ထောင်စု အားလုံးနီးပါး ငှက်ဖျားရောဂါရှိခြင်းတို့ ဖြစ်ကြသည်။ ရေကြီးခြင်းကိုလည်း မကြာ ခဏ ကြုံတွေ့ရသဖြင့် ကျန်းမာရေး၊ စီးပွားရေး ဆုံးရှုံးများကို ဖြစ်ပေါ်စေပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ရေရှမ်းကျေးရွာတွင် ကျန်းမာရေး အဆောက်အဦ မရှိပါ။ ကျန်းမာရေးဝန်ထမ်း အနေဖြင့် အရံ သားဖွားဆရာမ (၂) ဦး ရှိပါသည်။ များသောအားဖြင့် ကျေးရွာတွင်ပင် မီးဖွားကြပြီး အရေးပေါ် မှသာ နန်းတောင်ကျေးရွာ နှင့် ပုလောမြို့သို့ သွားရောက်လေ့ရှိကြသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ရေရှမ်းကျေးရွာ၏ စာတတ်မြောက်မှုအား တစ်အိမ်ထောင်ချင်းစီမှ ကောက်ယူရရှိထားသည့် အိမ်ထောင်စု စာရင်းများအရ ဘုန်းကြီးကျောင်းထွက်ပညာပြီးဆုံးသူ အနည်းငယ်ရှိပြီး ၎င်းပုဂ္ဂိုလ်များမှာလည်း သက်ကြီးရွယ်အိုများဖြစ်ကြ၍ ၎င်းတို့ခေတ်များတွင် နယ်မြေအေးချမ်းမှု မရှိခြင်းများကြောင့် ပညာသင်ယူရာတွင် အခက်အခဲများ ကြုံတွေ့ရမှုများကြောင့် ဖြစ်ပါသည်။ ယခုအခါတွင် တက္ကသိုလ်မှ ဘွဲ့ရများ ပေါ်ထွက်လာပြီဟု ဆိုနိုင်သော်လည်း စီးပွားရေး အဆင်မပြေမှုများကြောင့် အလယ်တန်းနှင့်အထက်တန်းပညာကို သင်ယူရန် အခက်အခဲများရှိနေပါသေးသည်။

ကျေးရွာ၏အဓိက စီးပွားရေးလုပ်ငန်းသည် နှစ်ရှည်ဥယျာဉ်ခြံများဖြစ်၍ ကွမ်းသီးနှင့် အခြားနှစ်ရှည်ပင်များဖြစ်သော ဒူးရင်း၊ နာနတ် စသည်တို့ကိုသာ အားထားစိုက်ပျိုးကြပါသည်။ အိမ်ထောင်စုအားလုံးနီးပါး လယ်ယာ၊ ဥယျာဉ်တို့ကို ပိုင်ဆိုင်ကြပြီး ဝင်ငွေကို ဥယျာဉ်ခြံ အနည်းအများ ပိုင်ဆိုင်မှုပေါ်မူတည်၍ ကွာခြားသွားပါသည်။ ကျန်အိမ်ထောင်စုများ၏ အခြားဝင်ငွေရလုပ်ငန်းများမှာ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ ဆန်စက်နှင့် လက်သမား စသည်တို့ဖြစ်ကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

ရေရှမ်းကျေးရွာတွင် အမျိုးသမီးလုပ်သားမှာ အမျိုးသားလုပ်အားထက် (၄)ရာခိုင်နှုန်းခန့် ပိုမိုပါသည်။ အမျိုးသမီးတစ်ဦးလျှင် လုပ်အားခအဖြစ် တစ်နေ့လျှင် (၄,၀၀၀) ကျပ်နှင့် အမျိုးသားတစ်ဦးလျှင် (၅,၀၀၀)ကျပ် ရရှိကြပါသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျောင်းဆရာမများမှာ ကျေးရွာ၏ ပညာသင်ကြားရေးကဏ္ဍတွင် အဓိက ဖြစ်ပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးကြီးအဖွဲ့၊ အမျိုးသမီး ရေးရာအဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲ ဖြစ်ပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူ ပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ရေရှည်ကျေးရွာ အတွင်းတွင် လက်ရှိဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေး၊ ပညာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက်သာ ရည်ရွယ်ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများ အားနည်းသည့်အပြင် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင်စနစ်တကျ ဆောင်ရွက်တတ်သည့် အလေ့အထများကျင့်သုံးနိုင်ခြင်း မရှိသေးသည့် အခြေအနေတစ်ရပ်ဖြစ်ပါသည်။သို့သော်လည်း မိမိတို့ကျေးရွာသည် စည်းလုံးမှုကို အားပြုလျှက် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းအားဖြင့် စတင်ဆောင်ရွက်ပြီး တစ်ရွာလုံးပူးပေါင်းပါဝင်လာမည်ကို အသေအချာယုံကြည်ပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အဓိကအားထားစိုက်ပျိုးသီးနှံမှာ ကွမ်းသီးပင်ဖြစ်၍ ကွမ်းသီးမှာ မိမိတို့ကျေးရွာနှင့် ကိုက်ညီဖြစ်ထွန်းသောကြောင့် အထူးတလည် ပြုစုစောင့်ရှောက်စရာမလိုသဖြင့် ဆင်းရဲသား တောင်သူများအတွက် နှစ်ရှည်ဝင်ငွေရသီးနှံ တစ်ခုအဖြစ်လုပ်ကိုင်နိုင်ပါသည်။ ကွမ်းသီးတစ်ဧကအထွက်နှုန်းမှာ ပျမ်းမျှ(၁၅၀)ပိဿာခန့်သာရှိသည့်အပြင် စပါးသည်လည်း တစ်ဧကတင်း(၂၀-၃၀)သာရှိသည့်အတွက်ကြောင့် စိုက်ပျိုးရေး နည်းပညာများ လိုအပ်ချက်ရှိနေပြီး ထုတ်ကုန်များအား ဈေးကွက်လက်လှမ်းမီသည်အထိ အရည်အသွေးမြှင့်ထုတ်လုပ်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင်နွား၊ ကျွဲ၊ ကြက်၊ ဆိတ် စသည့် တိရစ္ဆာန်များကို (၄၆) အိမ်ထောင်စုမှ တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။

(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရစီးပွားရေး လုပ်ငန်းများမှာ ကျပန်းလုပ်ငန်း(ဥယျာဉ်ခြံမြေများတွင် ပေါင်းရှင်းခြင်း၊ တောခုတ်ခြင်း)၊ လက်ဖက်ရည်ဆိုင်၊ ဆန်စက်၊ လက်သမား၊ ပန်းရံ၊ ပညာရေး ဝန်ထမ်း၊ ကုန်စုံဆိုင်နှင့် ထိုင်းနိုင်ငံ (ရှမ်းပြည်) သို့ သွားရောက် လုပ်ကိုင်ခြင်း အစရှိသည်တို့ကို လုပ်ကိုင်ကြသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် ရေကြီးခြင်း၊ တောင်ပြိုခြင်း အစရှိသည့် သဘာဝဘေးအန္တရာယ်များကို ကြုံတွေ့ရလေ့ ရှိသော်လည်း ကြိုတင်ပြင်ဆင်ခြင်း အစီအစဉ်များ၊ ကာကွယ်ခြင်း အစီအစဉ်များ မရှိချေ။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း သင်တန်းများ၊ စမ်းသပ်လေ့ကျင့်ခြင်းများ ရှိပါက ကျေးရွာရှိ ထိခိုက်လွယ်သော မိသားစုများအတွက် ဘေးကင်း လုံခြုံနိုင် ပါသည်။

(ဇ) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ရေရှည်းကျေးရွာတွင် ချေးငွေအား မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိက အပေါင်ဆိုင်၊ ငွေတိုးချေးသူများထံမှ ရရှိပါသည်။ **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင်(၁၀၀,၀၀၀)ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ (၁,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။ **ပုဂ္ဂလိက အပေါင်ဆိုင်**များမှာ ပုလောမြို့ပေါ်တွင်သာရှိ၍ ချေးယူရန် အပေါင်ပစ္စည်း (ရွှေ) လိုအပ်ပါသည်။ အပေါင်ပစ္စည်း အပေါ်တွင် မူတည်၍ ချေးငွေပမာဏကို သတ်မှတ်ပေးပြီး အတိုးနှုန်းမှာ ပျမ်းမျှအားဖြင့် (၅ - ၁၀) ကျပ်လတိုးဖြစ်သည်။ ပျမ်းမျှအားဖြင့် အပေါင်ကာလကို (၆) လ သတ်မှတ်ထားပါသည်။ ကျေးရွာတွင်း၌ပင် ငွေချေးယူနိုင်ပြီး အတိုးနှုန်းမှာ ပျမ်းမျှအားဖြင့် (၅ - ၁၀) ကျပ်၊ လတိုး ဖြစ်ပြီး ငွေပမာဏမှာ (၃,၀၀၀,၀၀၀) ကျပ် အထိပင် ချေးယူနိုင်သည်။ ယခင်က အတိုးနှုန်းမှာ (၁၀) ရာခိုင်နှုန်းတိုး ဖြစ်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး

ရေရှည်းကျေးရွာတွင် မူလတန်းကျောင်း တစ်ကျောင်းရှိပြီး တာဝန်ကျ ဆရာမ(၅)ဦး ရှိပါသည်။ တပည့်၊ ဆရာအချိုးမှာ (၁၅) ဖြစ်၍ ဆရာ၊ ဆရာမ လုံလောက်မှု ရှိပါသည်။ ရေရှည်းကျေးရွာသည် တော၊ တောင်များနှင့် ထိစပ်လျက် တည်ရှိသောကြောင့် ငှက်ဖျားရောဂါကို အများဆုံးခံစားကြရသည်။ သွေးလွန်တုပ်ကွေးရောဂါသည် တပေါင်း၊ တန်ခူးနှင့် ဝါခေါင်လတို့တွင် ကလေးများ၌ အဖြစ်များပြီး ပုလောဆေးရုံသို့ တတ်ရောက်ရသည်အထိ ဖြစ်လေ့ရှိသည်။ ဝမ်းပျက်ဝမ်းလျောရောဂါကို နွေရာသီနှင့် မိုးဦးကျတို့တွင် အဖြစ်အများဆုံး တွေ့ရသည်။ ကျေးရွာ၏ သောက်သုံးရေအတွက် စမ်းချောင်းမှရေကို မှီခိုအားထားရသည်။ (၃) အိမ်တစ်စုလျှင် ရေပိုက်ခေါင်းတစ်ခုဖြင့် သော်လည်းကောင်း၊ (၅) အိမ်တစ်စုလျှင် သော်လည်းကောင်း၊ တစ်အိမ်ချင်းသော်လည်းကောင်း ရေပိုက်ခေါင်းများ တပ်ဆင်အသုံးပြု၍ သုံးစွဲနိုင်ကြပြီဖြစ်သည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ရိုးရာပွဲတော်များအနေဖြင့် ရိုးရာချည်ဖြူပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်း၊ ကရင်စာပေယဉ်ကျေးမှု သင်တန်းကို နွေရာသီ ကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်ခြင်းစသည့် လူငယ်နှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးရေးအတွက် ကျင်ပပေးပါသည်။ အသိပညာဗဟုသုတရရှာဖွေရန် စာကြည့်တိုက်မရှိခြင်းနှင့် ဆက်သွယ် ပြောဆိုနိုင်မည့် တယ်လီဖုန်းလိုင်းမှာ CDMA တစ်လိုင်းသာ ရှိသောကြောင့် သတင်း အချက်အလက်များကို လက်လှမ်းမမှီခြင်း သာမက ပညာရေး၊ကျန်းမာရေး၊ သဘာဝဘေး အန္တရာယ် စသည့် တို့တွင်ပါ အသိပညာ၊ ဗဟုသုတ အားနည်းကြရပါသည်။

(၈) အခြေခံ အဆောက်အဦများ လက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကားလမ်းကို တစ်နှစ်ပတ်လုံးအသုံးပြုနိုင်သော်လည်း မိုးကာလတွင်မူ မြေသာလမ်းဖြစ်၍ ရွှံ့ဗွက်များကြောင့် ကုန်ပစ္စည်းများ သယ်ယူရန် ရေလမ်းကြောင်းကိုသာ အားထားရပါသည်။ ပုလော မြို့သို့ သွားရာလမ်းတွင် ချောင်းကိုဖြတ်ရသောကြောင့် ဆိုင်ကယ်၊ လူ၊ ကုန်ပစ္စည်းများအား ဝါးဖောင်ဖြင့်တင်၍ ကူးကာ ခရီးဆက်ရပါသည်။ ယခုအခါ အလှူရှင်တစ်ဦးမှ ကြိုးတံတား တည်ဆောက်ပေးလိုက်ပြီဖြစ်၍ ဆိုင်ကယ်ဖြင့် ဝန်ပေါ့များ တင်ဆောင်ဖြတ်သန်း သွားလာနိုင်ပြီ ဖြစ်သော်လည်း ဒေသထွက်ကုန်များအတွက် များများစားစား တင်ပို့ရန် အခက်အခဲ ရှိနေပါသေး သည်။ ကျေးရွာတွင်း သတင်းအချက်အလက်ကို CDMA ဖုန်း(၂) လုံး၊ တီဗွီ (၁၄) လုံး မှသာ ရရှိကြသည်။ ပုဂ္ဂလိက ဒီဇယ်မီးစက်ဖြင့် လျှပ်စစ်မီးပေးပြီး မီးသုံးစွဲမှုအလိုက် ငွေကြေးကျခံ ရပါသည်။ ၎င်းနည်းလမ်းဖြင့် မီးရယူသည့် အိမ်ထောင်စု(၂၇)စုရှိ၍ ဆိုလာအသုံးပြုသည့် အိမ်ထောင်စု(၃)စုရှိကာ ကျန်အိမ်ထောင်စုများမှာ ဖယောင်တိုင်မီးအား အသုံးပြုကြပါသည်။

(၈) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင်း ရံဖန်ရံခါ ရန်ဖြစ်သည်မှလွဲ၍ အခြားမှုခင်းကြီးများမရှိပေ။ ကျေးရွာ ရပ်မိ၊ ရပ်ဖများနှင့် အုပ်ချုပ်ရေးပိုင်းမှလည်း ရမ်းကားမှုများ၊ မလိုလားအပ်သောပြဿနာများ မဖြစ်စေရန် လိုင်စင်မရှိသော အရက်ဆိုင်များ ပိတ်စေခြင်းအားဖြင့် လျော့ချသည့် အစီအစဉ်များကို ပြုလုပ်ခဲ့ ကြပါသည်။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့် အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က)ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ရေရှမ်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ (၂၄၅)ဦးဖြစ်ပြီး ကျေးရွာ လူဦးရေ၏ (၅၇)% ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက်သင်ကြားနေသူ (၂၇) ဦး၊ တက္ကသိုလ်တက် ရောက်နေသူ (၁၂)ဦး၊ တက္ကသိုလ်ဘွဲ့ရ (၁၂)ဦး ရှိသောကြောင့် အနာဂတ်ကာလ တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအား အရင်းအမြစ်များ ရှိနေပါသည်။ ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်း လုပ်ဆောင်ကြ သော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင် ဖြစ်သည်။

ရေရှမ်းကျေးရွာတွင်ကွမ်းသီး၊ စပါးနှင့် ရာဘာ သီးနှံများစိုက်ပျိုး ထုတ်လုပ်သော်လည်း လက်ရှိ သီးနှံစိုက်ပျိုးသည့် မြေဧရိယာ ကျယ်ကျယ်ပြန့်ပြန့် ပိုင်ဆိုင်ထားရှိမှုနှင့် ဒေသနှင့် ကိုက်ညီ သော စိုက်ပျိုးသီးနှံများဖြစ်၍ အထွက်တိုး နည်းပညာအတိုင်း ထပ်တိုးကြိုးပမ်း အားထုတ်လာ မည်ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုး၍ ရလာနိုင်သည့် အခြေအနေတစ်ရပ်ဖြစ်ပါသည်။

ကျေးရွာအတွင်းတွင် ကုန်ချော ထုတ်လုပ်နိုင်သော ကုန်ကြမ်း ပစ္စည်းများ ပေါများစွာ ထွက်ရှိနေခြင်းကလည်း ကုန်ချောထုတ်လုပ်ငန်းနှင့်ဆိုင်သော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်မည့် အလားအလာများ ရှိနေပါသည်။ အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်ခြင်းမျိုး မဟုတ်ပဲ မိမိတို့ ဒေသတွင်းပင် လုပ်ကိုင်လိုစိတ် ရှိကြသည့် လူငယ်များ ရှိနေခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားတစ်ခုပင်ဖြစ်သည်။

ထို့အပြင် စပါးသီးနှံအတွက် ချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင် တစ်သိန်းနှုန်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် (၆) လတစ်ခါ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် မိမိတို့စိတ်ပါဝင်စားသူ အစုများစုဖွဲ့၍ မြို့နယ်သမဝါယမအသင်းနှင့် ချိတ်ဆက်ကာ ချေးငွေ ရယူနိုင်မည့် နည်းလမ်းများ ရှိပါသည်။

ရေရှမ်းကျေးရွာတွင် သောက်သုံးရေကို ကျေးရွာရှိ စိမ့်စမ်းရေ သွယ်ယူခြင်းမှ ရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက်ပါသည်။ အိမ်ထောင်စု (၄-၅) စုလျှင် ရေတိုင်ဝတ်တစ်ခုနှုန်းဖြင့် သောက်ရေသုံးရေများရရှိနိုင်၍ ပြည့်စုံ ကောင်းမွန်သော သဘာဝသောက်သုံးရေအား လုံလုံလောက်လောက် ရရှိနိုင်ခြင်းသည် ကျန်းမာရေးနှင့်ပတ်သက်၍ အလွန်ကောင်းမွန်သည့် အထောက်အပံ့ တစ်ခုဖြစ်သည့်အပြင် အချိန်ကုန် သက်သာသောကြောင့် ဝင်ငွေရအလုပ်အကိုင်များအတွက် ကောင်းစွာ အချိန်ပေးနိုင်မည်ဖြစ်ပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် လူပျို-အပျိုအဖွဲ့နှင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာလူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများဖြစ်ကြပြီး ကြီးကြီးမားမား မှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်သည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ရေရှမ်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်ခြင်း၊ စုစည်း လုပ်ဆောင်ချက်များတွင် အားနည်းမှု ရှိပါသည်။ ကျေးရွာလူထုအနေဖြင့် မြို့နယ်ရှိ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့် အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။

ရေရှမ်းကျေးရွာတွင် မြေယာတိုးချဲ့ဖော်ထုတ်မည့်နေရာများ နည်းပါးသွားပြီ ဖြစ်သောကြောင့် ဆင်းရဲသား မိသားစုများအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိမည့် အခွင့်အလမ်းနည်းပါးသွားပြီ ဖြစ်ပါသည်။ (၂၀၁၂) မှ စတင်၍ ရာဘာဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ရာဘာစိုက်ပျိုး ထုတ်လုပ်သူများနှင့် ၎င်းလုပ်ငန်းကို မှီခိုနေသော ကျပန်းမိသားစုများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများ ထိခိုက်ခဲ့ရပါသည်။တောတောင်များ ရှင်းလင်း၍ ရာဘာ

များ နေရာလပ်မကျန် စိုက်ပျိုးလာခြင်းကြောင့် အပင်မျိုးစိတ်များ ပျောက်ဆုံးလာခြင်းနှင့် တိရစ္ဆာန်မျိုးကွဲများ ရှင်သန်ရန် နေရာရှားပါးလာခြင်း စသည်ဖြင့် အရင်းအမြစ်များ၏ ထိခိုက်မှု မြင့်မားလာနေပါသည်။ မွေးမြူရေးနည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ အဆင့်မြင့်မွေးမြူရေးနည်းစနစ်များ အားနည်းခြင်းတို့ကလည်း မွေးမြူရေးလုပ်ကိုင်သူများအတွက် အဟန့်အတားတစ်ရပ်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းအတွက် နီးစပ်ရာ ကျေးရွာများ၊ အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့် အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်များ ရှိနေသော်လည်း စပါး စိုက်ပျိုးသူကိုသာ ထုတ်ချေးခြင်း၊ တင်းကျပ်သော စည်းကမ်း သတ်မှတ်ချက်များနှင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များ ရှိနေဆဲ ဖြစ်သောကြောင့် ကာလရှည်ချေးငွေ အကူအညီပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ လိုအပ်နေဆဲ ဖြစ်ပါသည်။

ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများနှင့် ရောဂါလက္ခဏာများကို ကွဲပြားစွာ သိရှိနိုင်သည့် ဗဟုသုတများ အားနည်းခြင်းကြောင့် ရာသီအလိုက် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ခံစားရသဖြင့် ကျန်းမာရေးကဏ္ဍ တိုးတက်ရေးတွင် အဟန့်အတား ဖြစ်စေနိုင် ပါသည်။

လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်းကြပါသည်။ လူငယ်များသည် စုစုစည်းစည်းဖြင့် လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရှိသော်လည်း ဦးဆောင်ပေးနိုင်မည့်သူ မရှိခြင်းနှင့် လူငယ်များအတွက် အသိပညာ ဗဟုသုတ ရှာဖွေရန် စာကြည့်တိုက်မရှိခြင်းတို့ကလည်း လူငယ်များ၏ သင်ယူလေ့လာခွင့်များကို အဟန့်အတား ဖြစ်စေပါသည်။

(၆) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင် နှင့် ဗျူဟာ

ကျွန်ုပ်တို့ ရေရှည်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်မှာ ယေဘူယျအားဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်သာယာရေး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့်အဆိုပါ ရည်မှန်းချက်ပန်းတိုင်နှင့် ယင်းပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်ရမည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ထားခဲ့ကြပါသည်။

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပန်းတိုင်များတွင် ကျေးရွာသူ/ ကျေးရွာသားများ ဝင်ငွေ တိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည် တိုးတက်ရေးနှင့် ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ရွာလူထုသည် စိုက်ပျိုးရေး ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက် လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွား ရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေ တိုးမြင့်လာ ရမည်။

(၃) ရွာလူထုသည် ကျေးရွာမီးလင်းရေး ဆောင်ရွက်ပြီး လူနေမှု အဆင့်အတန်း မြင့်မား လာရမည်။

(ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက် ခြင်းအားဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(က) ကျေးရွာရှိ မိရိုးဖလာ စိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသော တောင်သူများ၏ ဝင်ငွေ တိုးတက်လာစေရန် အတွက် အထွက်နှုန်း နှင့် အရည်အသွေး ကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေး စိုက်ပျိုးထုတ်လုပ်ရန် နှင့် စိုက်ပျိုး နည်းပညာ များ၊ ပိုးမွှားရောဂါ ကာကွယ်ရေး နည်းလမ်းများ အတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

(ခ) ဒေသအတွင်း ဖြစ်ပေါ်နေသော ရာဘာဈေးကွက်ကို နားလည်ပြီး ဈေးကွက်မှ တောင်းဆိုသော အရည်အသွေးကို ထုတ်လုပ်ပေးနိုင်ရန်အတွက် လိုအပ်သော သွင်းအားစုများနှင့် နည်းပညာများ စနစ်တကျ သုံးစွဲနိုင်ရန် မြို့နယ်စက်မှုသီးနှံဦးစီးဌာန၊ ပုလောမြို့နယ် ရာဘာစိုက်ပျိုး ထုတ်လုပ်သူ များအသင်းတို့နှင့် ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(ဂ) လယ်သမားငယ်များနှင့် ကျပန်းမိသားစုများအား မွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေ ရရှိစေရန် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါ ကာကွယ်ရေး အစီအမံ များ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီသော မွေးမြူရေးနည်းပညာသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်နေ ပါသည်။

(ဃ) ကျေးရွာအတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသ အတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်း

နည်းပညာ သင်တန်းများအတွက် ချိတ်ဆက် ဆောင်ရွက်ပေးရန်၊ စျေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ စျေးနှုန်း ပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှု ရရှိရန် လိုအပ်နေပါသည်။

(ငး) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှု မရှိသောကြောင့် ချေးငွေ ထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေပါမည်။

(စ) ကျေးရွာအတွင်း လျှပ်စစ်မီး ရရှိခြင်းဖြင့် အသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး၊ တီဗွီများမှတဆင့် ကျေးရွာလူထုအတွက် ဗဟုသုတများ တိုးတက်လာစေခြင်း စသည့် အကျိုးကျေးဇူးများကြောင့် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်နှင့် ရေရှမ်းချောင်းမှ ရေအားလျှပ်စစ် ထုတ်ယူနိုင်ရေးအတွက် ကူညီပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်နေပါသည်။

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါ အဖွဲ့အစည်းများသည် ကျွန်ုပ်တို့ ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြု ဖော်ထုတ်ပေးနိုင်ခဲ့ကြ ပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက် ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန် အရေးပါ ပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာသူ/သားများ ကိုယ်တိုင် အားထုတ် လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

(ခ) ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများ

ရေရှုမ်းကျေးရွာလူထု၏ လိုအပ်ချက် တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြား ဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သော ချေးငွေများ ရရှိမှုကလည်း အဓိက ဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါး သီးနှံ (ကာလတို ချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်ပေးနေသောကြောင့် အခြား သီးနှံ (ဥပမာ - ရာဘာ၊ ကွမ်းသီး) စိုက်ပျိုးသူ တောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲ ဖြစ်ပါသည်။ နှစ်ရှည်သီးနှံ ဦးစားပေးစိုက်ပျိုးသော ဒေသဖြစ်သည့် အားလျော်စွာ တောင်သူ အများစုသည် ကာလရှည်ချေးငွေများ ထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများနှင့် ချိတ်ဆက် လုပ်ဆောင်လိုကြသည်။ ထို့အပြင် သမဝါယမဦးစီးဌာနမှ ကျေးရွာသို့ ငွေစုငွေချေး ကိစ္စရပ်အတွက် လာရောက်သော်လည်း ရှည်လျားများပြားလှသော လုပ်ငန်းစဉ်များကြောင့် ကျေးရွာသူ/သားများ စိတ်ပါဝင်စားမှု အားနည်းလှပါသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ လိုအပ် သော ချေးငွေများ ထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျော့ချပြီး ဒေသလိုအပ်ချက် နှင့်အညီ ပြောင်းလဲသင့် ပါသည်။

(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ရေရှုမ်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူ များ၏ ဈေးကွက်ဆိုင်ရာ သဘောသဘာဝများ သိရှိမှုအားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန် သော ထုတ်ကုန်များ ရရှိရေးအတွက် ခေတ်မီသော နည်းပညာများ လိုအပ်ခြင်းပင် ဖြစ်သည်။ ရန်ကုန်-မြိတ် ကားလမ်းမနှင့် နီးစပ်သော အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် ဈေးကွက်သဘောတရားများကို နားလည်အောင် နည်းလမ်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန နှင့် အခြားသက်ဆိုင်ရာ ဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများကလည်း အရေးပါ လှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက ကျေးရွာများအလိုက်ပြောင်းလဲ လုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များ အလိုက်စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစား အရည်အသွေး ရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်

ခြင်းကလည်း ကျေးရွာရှိ လူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရုံမက ဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများ တိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ ဝင်ငွေ ရရှိမှုကို မြင့်မားလာခြင်း၊ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်း လုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက် လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်း စသည်ဖြင့် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်

သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(ခ) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊
- အထွေထွေ ရင်းနှီးမြှုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊
- လူသားချင်း စာနာမှု အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

ကဏ္ဍ / အဓိက ဆိုလိုရင်း	စီမံကိန်း	ရမှတ်ပေါင်း အဆင့်		စီမံကိန်း အခွင့်အလမ်း နှင့် ဖော်ပြချက်	
အုပ်ချုပ်ရေး ကဏ္ဍ					
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	၁။ အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။	၇၄	၆	• ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • ခေါင်းဆောင်မှုနှင့်ငွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး သင်တန်းများ	• ကျေးလက်/ဦးစီး
စိုက်ပျိုးရေး ကဏ္ဍ					
အခြေခံ အဆောက်အဦး နှင့် နည်းပညာ သင်တန်း	၂။ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ၊ ကျွမ်းကျင်မှုများ တိုးတက်ရေး	၈၀	၅	• မျိုးကောင်းမျိုးသန့် ထုတ် လုပ်ရေး နည်းပညာ သင် တန်း • စပါးအထွက်တိုးနည်းပညာ သင်တန်း (ပိုးမွှား နှင့် ရောဂါ) • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန်	•
	၃။ ရာဘာထုတ်လုပ်မှုဖွံ့ဖြိုးရေး	၆၈	၉	• ဈေးကွက်နှင့်ပက်သက်သော အချက်အလက်များ ဖြန့်ဝေပေးနိုင်မည့် နည်းပညာပေးအဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ • လိုအပ်သော နည်းပညာ များအတွက် သင်တန်းများ ပြုလုပ်ခြင်း။	•
တိရစ္ဆာန် မွေးမြူရေး					
ဈေးကွက်နှင့် နည်းပညာ သင်တန်း	၄။ မွေးမြူရေးလုပ်ငန်း တိုးတက် လုပ်ကိုင်လာရန် အခြေနေကောင်းများ ဖန်တီးခြင်း	၅၈	၁၁	• နည်းပညာဂန်ဆောင်မှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့်မွေးမြူရေးထွက်ကုန်မြင့်မားစေခြင်း။ • မြို့နယ် မွေး/ကုဋ္ဌာန နှင့် ချိတ်ဆက်ခြင်း • မွေးမြူရေး ထုတ်လုပ်ရေးအတွက် ဈေးကွက်ချဲ့ထွင်မှု ရရှိရန် လုပ်ဆောင်ခြင်း	•
အခြား ဝင်ငွေရ လုပ်ငန်းများ					
သင်တန်း၊ စီးပွားရေး လုပ်ငန်းများနှင့် ချိတ်ဆက်ခြင်း	၅။ တနိုင်တပိုင် ကုန်ချော ထုတ်လုပ်မှုများ တိုးတက်ရေး	၈၂	၄	• ကုန်ချောထုတ်လုပ်ခြင်း နည်းပညာတိုးတက် ဖွံ့ဖြိုးရေး • ဈေးကွက်ထိုးဖောက်မည့်အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့်လုပ်ငန်း အကောင်အထည်ဖော်ခြင်း	• ကျေးလက်/ဦးစီး
	၆။ ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း	၇၄	၇	• အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှု သင်တန်းပေးခြင်း၊ • အသေးစားကုန် ထုတ်လုပ်သူများအဖွဲ့ဖွဲ့စည်းရေးနှင့်အကောင်	• ကျေးလက်/ဦးစီး

	လုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများတိုးတက်ရေး			အထည်ဖော်ရေး။	
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း					
ချေးငွေ လက်လှမ်းမီရေး	၇။ ထိရောက်သော ချေးငွေဝန်ဆောင်မှုများအား လက်လှမ်းမီရေး	၆၅	၁၀	• ချေးငွေရရှိရန်ချေးငွေ ဌာနများနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများပြင်ဆင်ခြင်း	•
ပညာရေး					
ကလေး ပညာရေး ဖွံ့ဖြိုးရေး	၈။ ကျေးရွာ၏ ပညာတတ်မြောက်မှု တိုးတက်ရေး	၈၅	၃	• မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန် • မူလွန်ကျောင်းဆောက်လုပ်ရေး • ပညာရေးရံပုံငွေတည်ထောင်ခြင်း။	•
ကျန်းမာရေး					
ကျန်းမာရေး တိုးတက်လာစေရေး	၉။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၇၀	၈	• ကျန်းမာရေး ဦးစီးဌာန နှင့်ချိတ်ဆက်ခြင်း • ကျန်းမာရေး ဝန်ထမ်းများ တောင်းခံခြင်း အတွက် တင်ပြခြင်း • ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်း မီမှုတိုးတက်ရေး • ကျန်းမာရေး အသိပညာပေး ဟောပြောပွဲ များစီစဉ်ခြင်း	•
လမ်းပန်း ဆက်သွယ်ရေး					
လမ်း၊ တံတား ကောင်းမွန်လာစေရေး	၁၀။ ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက်လာစေရေး	၉၂	၁	• လမ်း၊တံတားကော်မတီဖွဲ့ စည်းခြင်း • မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနသို့ တင်ပြခြင်း • ချောင်းကူး(ကွန်က ရစ်) တံတား ဆောက်လုပ်ရန် ချိတ်ဆက်ဆောင် ရွက်ခြင်း။ • သာယာကုန်း-မဒေါလမ်းအား ကျောက်ချောလမ်း ဖောက်လုပ်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း။	• ကျေးလက်/ဦးစီး
လျှပ်စစ်မောတ်အားသုံးစွဲ ရေး					
လျှပ်စစ်မီး ရရှိရေး	၁၁။ ကျေးရွာလျှပ်စစ်မီး ရရှိရေးအတွက် အစိုးရ ဌာနနှင့် ချိတ်ဆက် အဆိုပြု တောင်းခံရေး။	၈၈	၂	• ကျေးရွာမီးလင်းရေးကော် မတီဖွဲ့စည်းရန်။ • ပုလောမြို့နယ်မှလျှပ်စစ်မီးပေးသော အဖွဲ့နှင့် ဆက်သွယ် ဆောင်ရွက်ရန်။ • ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း။	• ကျေးလက်/ဦးစီး

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက် (Project)	ဦးစား ပေး အ ဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက်လာစေရေး	၁	✓				
၂	ကျေးရွာမီးလင်းရေးအတွက် ချိတ်ဆက် လုပ်ဆောင်ခြင်း။	၂	✓				
၃	ကျေးရွာ၏ ပညာ တတ်မြောက်မှု တိုးတက်ရေး	၃	✓				
၄	တနိုင်တပိုင်ကုန်ချောထုတ်လုပ်မှုမျ ားတိုးတက်ရေး	၄		✓			
၅	စိုက်ပျိုးရေး ဆိုင်ရာ နည်းပညာ ဗဟုသုတ၊ကျွမ်းကျင်မှုများတိုးတက်ရေး	၅	✓	✓	✓	✓	✓
၆	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး	၆		✓			
၇	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများတိုးတက်ရေး	၇		✓			
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၈		✓			
၉	ရာဘာထုတ်လုပ်မှုဖွံ့ဖြိုးရေး	၉	✓	✓			
၁၀	ထိရောက်သောချေးငွေ ဝန်ဆောင်မှု များအား လက်လှမ်းမီရေး	၁၀	✓	✓	✓	✓	
၁၁	မွေးမြူရေးလုပ်ငန်း တိုးတက် လုပ်ကိုင်လာရန် အခြေနေ ကောင်းများ ဖန်တီးခြင်း	၁၁	✓	✓			

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်

ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိန်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြား အရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ပို့ဆောင်ရေး အခြေခံ အဆောက်အဦးများ တိုးတက်လာစေရေး					
၂	ကျေးရွာမီးလင်းရေးအတွက် ချိတ်ဆက် လုပ်ဆောင်ခြင်း။					
၃	ကျေးရွာ၏ပညာ တတ်မြောက်မှု တိုးတက်ရေး					
၄	တနိုင်တပိုင်ကုန်ချောထုတ်လုပ်မှုများတိုးတက်ရေး					

၅	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ၊ကျွမ်းကျင်မှုများတိုးတက်ရေး
၆	အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး
၇	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများတိုးတက်ရေး
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး
၉	ရာဘာထုတ်လုပ်မှုဖွံ့ဖြိုးရေး
၁၀	ထိရောက်သောချေးငွေ ဝန်ဆောင်မှုများအား လက်လှမ်းမီရေး
၁၁	မွေးမြူရေးလုပ်ငန်း တိုးတက်လုပ်ကိုင်လာရန် အခြေနေကောင်းများ ဖန်တီးခြင်း

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်

အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုး ရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထား သော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ် များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည် ဖြင့် ဆောင်ရွက်ပါမည်။

(ဃ) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ရေရှမ်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်

စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါ မည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာ နှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထား ချက် နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက် အခဲများ၊ ပြဿနာများ၊

- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

၁။ လူမှုစီးပွားရေး အခြေအနေ

၁.၁လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၂	၃	၅	၁%	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၁	၁၈	၃၁	၇%	၅ နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၇	၃၁	၅၈	၁၃%	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၃၈	၂၄	၆၂	၁၄%	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၀၆	၁၃၉	၂၄၅	၅၇%	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၅	၁၉	၃၄	၈%	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၂၀၉**	**၂၂၆**	**၄၃၅**	**၁၀၀%**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ဇူလိုင်လ၊၂၀၁၅ နှစ်) (တစ်အိမ်တက်ဆင်း/ ပညာရေးဌာန စသည်) မှ ရယူပါသည်။

၁.၂ အလုပ်လုပ်နိုင်သူ အင်အား

ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၃၁	၄၅.၅၉	၀	ဥယျာဉ်ခြံ - ၂၇ ၊ လယ် - ၄ ဥယျာဉ်ခြံမြေ (၅) ဧကအောက် ရှိပြီး ကျပန်းလုပ်ငန်းကို အလေးပေး လုပ်ကိုင်သူများ ဖြစ်သည်။
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂၅	၃၆.၇၆	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂	***တိရစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂၅	အဓိကအလုပ်အကိုင်မှာ လယ်သမားငယ်များ နှင့် မြေယာမဲ့ အိမ်ထောင်စုများ ဖြစ်ပြီး နွား နှင့် ကြက်ကို ဦးစားပေး မွေးမြူကြသည်။

	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂.၉၄	၀	ဆန်စက် - ၂ ဦး
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း	၄	၅.၈၈	၀	လက်သမား - ၄
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း	၄	၅.၈၈	၀	ကုန်ခြောက်ဆိုင် - ၄ ဦး
	အလုပ်သမား၊ ကျပန်း၊	၀	၀	၀	

	ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၀ ၀	၀ ၀	၀ ၀	
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၂ ၀ ၀	၂.၉၄ ၀ ၀	၀ ၀ ၀	လက်ဖက်ရည်ဆိုင် - ၂ ဦး
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၀ ၀ ၀	၀ ၀ ၀	၅ ၀ ၀	ဆိုင်ကယ် ကယ်ရီ - ၅ (အဓိက အလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်သည်။)
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၀ ၀ ၀	၀ ၀ ၀	၀ ၀ ၀	
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၀ ၀ ၀	၀ ၀ ၀	၀ ၀ ၀	
၁၅	***ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် သေားကင်းလုံခြုံရေး)***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၀ ၀ ၀	၀ ၀ ၀	၀ ၀ ၀	
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၀ ၀ ၀	၀ ၀ ၀	၀ ၂ ၀	(အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၀ ၀ ၀	၀ ၀ ၀	၀ ၂ ၀	(အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	

	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
၁၉	***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၄၅	အိမ်ထောင်စု (၃၀) မှ (၄၅) ဦးသည် ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံတို့တွင် သွားရောက် လုပ်ကိုင်နေပြီး တစ်နှစ်ကို ၂-ဖ ကြိမ်ခန့် ငွေလွဲ ပေးပါသည်။
	မိသားစုဝင် လုပ်အား	၀	၀	၀	
၂၀	***ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ***				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	
	မိသားစုဝင် လုပ်အား	၀	၀	၀	
	စုစုပေါင်း	**၆၈**	**၁၀၀**	**၇၉**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) (တစ်အိမ်တက်ဆင်း စာရင်း) မှ ရယူပါသည်။

၁.၃ သဘာဝ အရင်းအမြစ်များ

၁.၃.၁ စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့**	**ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)**	**ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေး နိုင်သည့်ဧက)**
လယ်မြေ	၁၉	သင့်		မိုးကောင်းသောက်လယ်
ယာမြေ				
ဥယျာဉ်ခြံမြေ အိမ်ခြံဝင်း စိုက်ခင်း	၃၂၀	သင့်		
ရွှေပြောင်းတောင်ယာ ကိုင်း/ကျွန်းမြေ	၅.၅	သင့်		
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ	၁၅	သင့်		
အခြား(ရာဘာ)	၁၀၂	ကောင်း		
စုစုပေါင်း				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော

သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ဇူလိုင်လ၊၂၀၁၅ နှစ်) (တစ်အိမ်တက်ဆင်း စာရင်း) မှ ရယူပါသည်။

မှတ်ချက်။ ။ရေရှိသည့်နေရာ အမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

ရေရှမ်းကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု (၁၉) ဧကသာ ရှိ၍ မိုးကောင်းသောက်လယ်များ ဖြစ်ပါသည်။ အဓိကလုပ်ကိုင်သည့် စိုက်ပျိုးရေးမှာ ဥယျာဉ်ခြံဖြစ်၍ ၎င်းဥယျာဉ်မြေ (၃၂၀) ဧကတွင် ကွမ်းသီးပင်ကို အများဆုံး စိုက်ပျိုး ထားကြပါသည်။

ရွှေပြောင်းတောင်ယာ လုပ်ကိုင်ခြင်းမှာလည်း နှစ်ရှည်ပင်များဖြစ်သည့် ရာဘာနှင့် ကွမ်းသီးပင်များ စိုက်ပျိုးရန် ရည်ရွယ်ထားသည်ဖြစ်ရာ မြေရှင်းလင်းသည့် ပထမနှစ်တွင် စပါးကို ထည့်သွင်း စိုက်ပျိုးခြင်းသာ ဖြစ်ပါသည်။ တောင်ယာများတွင် စပါးကို စီးပွားဖြစ် (သို့မဟုတ်) ဝမ်းစာရရုံ စိုက်ပျိုးခြင်းမဟုတ်ပဲ ပေါင်းမြက်သက်သာစေရန် ဖြစ်သည်။ စိုက်ပျိုးမြေများမှာ မြေဆီဩဇာ အသင့်အတင့်သာ ရှိကြပါသည်။

၁.၃.၂ ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	မရှိ	
အခြား	မရှိ	လွယ်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	ဆတ်၊ ချေ၊ ဝက်ဝံ၊ တောဝက်၊ ဖြူ၊ တောင်လိပ်	ခက်
ကျောက်စရစ်၊သဲ	များ	လွယ်
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) ကမ်းဇော်ပင်	နည်း	ခက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင် လမ်း၊ တံတား၊ အဆောက်အဦများ ဆောက်လုပ်ရာတွင် အသုံးပြုနိုင်မည့် ချောင်း ကျောက်၊ သဲ စသည်တို့ကို အနီးအနားရှိ ချောင်းများမှ အလွယ်တကူ ရယူနိုင်ကြပါသည်။ မြို့နှင့် အလှမ်းမဝေးသော်လည်း လမ်းမကောင်းခြင်း၊ ချောင်းတစ်ခု ဖြတ်သန်းရသဖြင့် ကျေးရွာသူ ကျေးရွာသားများအတွက် စီးပွားဖြစ် ကျောက်၊ သဲထုတ်လုပ်မှုကို လုပ်ဆောင်နိုင်ခြင်း မရှိပဲ ကျေးရွာ၏ အခြေခံအဆောက်အဦများ အတွက်သာလျှင် အသုံးပြုကြပါသည်။

တောတောင်များနှင့် အလှမ်းမဝေးသဖြင့် တောတိရစ္ဆာန်များ တစ်ခါတစ်ရံ ရရှိလေ့ရှိသော်လည်း လူနေထူထပ်လာ၍ ရှားပါးလာပြီ ဖြစ်ပါသည်။

ကမ်းဇော်ဆီထုတ်လုပ်ခြင်းကိုကျေးရွာနှင့် မိုင်ဝက်ခန့်ဝေးသော သာယာကုန်းရွာအနီးရှိ တောတွင် နွေလများ၌ အသီးကြွေချိန်တစ်လအတွင်း ကောက်ယူရရှိပြီး တစ်အိမ်ထောင်စုလျှင်အစေ့

(၄-၅)ပြည်အထိ ရလေ့ရှိကြပါသည်။ အစေ့ (၅)ပြည်ကို ရွာတွင်ကြိတ်လျှင် ဆီရှစ်ဆယ်သားအထိ ရရှိပြီး ကမ်းဇော်ဆီတစ်ပိသာလျှင် တစ်သိန်းခန့် အထိဝင်ငွေရပါသည်။

ကမ်းဇော်ဆီမှာ ကင်ဆာကဲ့သို့သော ရောဂါများကို သောက်သုံးရာတွင် အသုံးဝင်၍ ပြည်တွင်းတွင် ဝယ်လိုအား မြင့်တက်နေသော အဆီတစ်မျိုးဖြစ်ပါသည်။ ကမ်းဇော်ပင် ဖြစ်ထွန်းရာ မြို့နယ် အနည်းငယ်ထဲမှ တစ်ခုဖြစ်သည့်အတွက် ဈေးနှုန်းကောင်းရုံးသာ ရွာသူရွာသားများ၏ ကျန်းမာရေးကိစ္စများတွင် သာမက ဝင်ငွေရရှိမှုကိုပါ အကျိုးသက်ရောက်မှု ရှိစေပါသည်။

၁.၄ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း: အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲ သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ် (သို့) ဥယျာဉ်ခြံ (၁၀-၂၀) ဧက	ဥယျာဉ်ခြံ (၅-၁၀) ဧက	ဥယျာဉ်ခြံ (၃-၅) ဧက	ဥယျာဉ်ခြံ (၂)ဧက နှင့်(၂)ဧကအောက်၊ မပိုင်ဆိုင်သူလည်းရှိ
အိမ်အခြေအနေ	ပျဉ်ထောင်၊ သွပ်မိုး	ပျဉ်ထောင်၊ပျဉ်ခင်း၊ တောင်ထန်းမိုး	တောင်ထန်းမိုး၊ထရံကာ၊ ပျဉ်ခင်း	တောင်ထန်းမိုး၊ထရံကာ၊ကြမ်းခင်း
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	မြက်ဖြတ်စက်၊ ဆိုင်ကယ်	မြက်ဖြတ်စက်၊ ဆိုင်ကယ်	မပိုင်ဆိုင်။	မပိုင်ဆိုင်။
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	TV၊ ဆိုလာ	TV၊ ဆိုလာ	မပိုင်ဆိုင်။	မပိုင်ဆိုင်။
အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ	ဝင်ငွေပိုလျှံ	ဝင်ငွေ အသင့်အတင့်	ဝင်ငွေနည်းပါး	ဝင်ငွေမလုံလောက်
အခြားပိုင်ဆိုင်မှု	ဆန်စက်	မရှိ	မရှိ	မရှိ
အိမ်ထောင်စုပေါင်း	**၈(၁၂%)**	**၁၀ (၁၅%)**	**၃၂ (၄၇%)**	**၁၈ (၂၆%)**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁.၅ ထိခိုက်လွယ်မှု

၁.၅.၁ ဝမ်းစာဖူလုံမှု

ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ	
၃ လအောက်	၃	၆%		
၃ လနှင့် ၅ လ အထိ	၁၅	၃၀%	လုပ်အားအတွက်	ကြိုတင်ပေးစနစ်ဖြင့်

			ငွေချေး၍ ဆန်ကို ခေါက်ပြန်ပေး အကြွေးစနစ်ဖြင့် ယူစားပါသည်။
၆လ မှ ၁၂ လ အထိ	၃၂	၆၄%	အကြွေးယူခြင်း၊ အခြားဒေသသို့ သွားရောက် လုပ်ကိုင်သူများ၏ ပြန်ပို့ငွေဖြင့် နေထိုင်စားသောက်ခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ဝင်ငွေနည်းမိသားစုများသည် လယ်ယာမြေ အနည်းငယ်ပိုင်ဆိုင်ကြသဖြင့် ကိုယ်တိုင် စိုက်ပျိုး ထုတ်လုပ်၍ ဝမ်းစာအတွက် (၅-၆) လစာ သိုလှောင်ထားနိုင်၍အခြား အချိန်များတွင်မူ ဈေးကြွေးယူခြင်း၊ အတိုးဖြင့် ငွေချေးခြင်း၊ အခြားဒေသများသို့ သွားရောက်အလုပ်လုပ်ကိုင်သူတို့ ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ အဓိကပြဿနာတစ်ရပ်မှာ ဝင်ငွေရရှိ ရန် နိုင်ငံခြား (ထိုင်း) သို့ အားကိုးနေရသဖြင့် အလုပ်အကိုင်အတွက် လုံခြုံစိတ်ချရသော အနေအထား တစ်ရပ် မဟုတ်ပါချေ။

၁.၅.၂ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	၁	၀	၁
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိ	၀	၀	၀
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၀	
မုဆိုးဖို / တစ်ခုလပ် ဆင်းရဲသည့် အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ		၈	
	အခြားဒေသသို့ကြာမြင့်စွာ သွားရောက် နေထိုင် လုပ်ကိုင်နေသူ		၂၂	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မုဆိုးဖို၊ မုဆိုးမဦးရေ (၁၃) ဦး ရှိပြီး သားသမီးများမှ စောင့်ရှောက်မှု ပေးထားကြပါသည်။ ဆင်းရဲနှင့် အလွန်ဆင်းရဲ မိသားစုများတွင် (၂၂) အိမ်ထောင်စုမှ မိသားစုဝင်အချို့သည် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ ထိုင်းနိုင်ငံသည် ဆင်းရဲသားမိသားစုများ ဝင်ငွေတစ်ဖက် တစ်လမ်းမှရရှိစေမည့် အလုပ်အကိုင်များ ပေါများသည့်အတွက် သွားရောက်လုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။

မိသားစုစောင့်ရှောက်မှု မရှိသည့် အသက် (၆၀)ကျော် (၁)ဦးသာ ရှိပါသည်။ သားဖြစ်သူမှာလည်း ဆင်းရဲ၍ စောင့်ရှောက်နိုင်မှု မရှိသောကြောင့် ကျေးရွာရှိ မိတ်ဆွေအိမ်များတွင် နေထိုင် စားသောက်လျှက် ရှိပါသည်။

၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	နိမ့်	လုပ်အားနှင့် ရိက္ခာလဲလှယ်ခြင်း၊ ခေါက်ပြန်ပေးဖြင့် ဆန်အိတ်ယူ၍ စားနိုင်ခြင်း၊ စိုက်ပျိုးထုတ်လုပ်ခြင်းတို့မှရရှိသည်။
၂	သဘာဝအရင်းအမြစ် ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ...)	လတ်	စိုက်ပျိုးမြေချဲ့ထွင်ရန်အနည်းငယ်ရှိပြီး ထိုမြေများမှာ တောင်ကုန်းများ ဖြစ်နေပါသည်။
၃	ရေကြီးခြင်း	လတ်	နှစ်စဉ်နှစ်တိုင်း ဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင် ကြုံတွေ့နေရ။
၄	မိုးခေါင်ခြင်း	နိမ့်	ကြုံတွေ့ရလေ့မရှိ။
၅	မုန်တိုင်း	နိမ့်	ကြုံတွေ့ရလေ့မရှိ။
၆	ငလျင်	နိမ့်	ကြုံတွေ့ရလေ့မရှိ။
၇	မီးဘေး	နိမ့်	ကြုံတွေ့ရလေ့မရှိ။
၈	ဆားငံရေဝင်မြေ	နိမ့်	မရှိပါ။
၉	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	နိမ့်	မရှိပါ။
၁၀	သစ်တောပြုန်းတီးခြင်း	လတ်	သစ်တောကြီးကြီးမားမားမရှိပဲ အနီးအနားတောမှ အိမ်သုံးထင်းများ နှင့် ပရိဘောဂများ အတွက် သစ်များကို ခုတ်ယူကြသည်။
၁၁	၄ာ်ဖျားရောဂါ	မြင့်	နှစ်စဉ်မိုးဦးကျ အချိန်များတွင် ကျေးရွာအတွင်း အဖြစ်များလေ့ ရှိပါသည်။
၁၂	တီဘီရောဂါ	နိမ့်	ဖြစ်လေ့မရှိ။
၁၃	ကိုယ်ခံအားကျဆင်းမှု ရောဂါ	နိမ့်	ဖြစ်လေ့မရှိ။
၁၄	ပြည်တွင်းနေရပ်စွန့်ခွါ ရွှေ့ပြောင်းခံရသူများ (IDP)	နိမ့်	ဖြစ်လေ့မရှိ။
၁၅	လူကုန်ကူးခြင်း	နိမ့်	ဖြစ်လေ့မရှိ။
၁၆	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည်	မြင့်	ပုလော(မြို့နှင့်(၇) မိုင်ခန့်သာကွာဝေးသော်လည်း တံတားမကောင်းခြင်း နှင့် မိုးတွင်း ကာလတွင် လမ်းမကောင်းသောကြောင့် ယာဉ်များ သွားလာရန် ခက်ခဲ၍ စီးပွားရေး ၊ပညာရေး၊ကျန်းမာရေး ကဏ္ဍတို့တွင် နိမ့်ကျနေဆဲ ဖြစ်သည်။
၁၇	အခြား(အခြားနေရာ	မြင့်	လူငယ်လူရွယ် အများစုမှာ အလုပ်အကိုင်

များသို့ ရွှေ့ပြောင်းသွားရောက် လုပ်ကိုင် ကြခြင်း	အခွင့်အလမ်း နည်းပါးခြင်းကြောင့် လူငယ် သုံးပုံနှစ်ပုံခန့်မှာ ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်ကြပါ သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှည်းကျေးရွာ၏ ထိခိုက်လွယ်မှု ဖြစ်နိုင်ချေ အများဆုံးအခြေအနေမှာ အခြားဒေသ များသို့ သွားရောက် လုပ်ကိုင်ရသဖြင့် ရောဂါကူးစက်မှု ခံရနိုင်ခြေရှိခြင်း၊ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်မှု မရှိခြင်းကြောင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ တောတောင်များအနီးတွင် ရှိသောကြောင့် အိမ်ထောင်စု အားလုံးနီးပါး ငှက်ဖျားရောဂါရှိခြင်းတို့ ဖြစ်ကြသည်။ ရေကြီးခြင်း ကိုလည်း မကြာခဏ ကြုံတွေ့ရသဖြင့် ကျန်းမာရေး၊ စီးပွားရေး ဆုံးရှုံးများကို ဖြစ်ပေါ်စေပါသည်။ သစ်တောပြုန်းတီးခြင်းနှင့် စိုက်ပျိုးနိုင်သည့်မြေများ ရှားပါးလာခြင်းသည်လည်း အနာဂါတ်တွင် စိုးရိမ်ဖွယ်ရာ အချက်ပင် ဖြစ်သည်။

၁.၅.၄ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	အလုပ်အကိုင် အခွင့်အလမ်း နည်းပါး၍ ပြည်ပ ထွက်ခွာ လုပ်ကိုင်ရခြင်းကြောင့် ကူးစက်ရောဂါ များ ရရှိလာ နိုင်။
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	အရင်းအမြစ်များနည်းပါးခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပြီး စီးပွားရေး ကျပ်တည်း။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	အရင်းအမြစ်များ နည်းပါးခြင်းကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပြီး စီးပွားရေး ကျပ်တည်း။
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသ	နိမ့်	သက်ကြီးရွယ်အို အနည်းငယ်သာရှိပြီး ၎င်းတို့သည် မိသားစုများ နှင့်အတူ နေထိုင်ကြသူများ ဖြစ်ကြသည်။
၅	မြစ်ကမ်းဘေးနေလူထု	နိမ့်	မရှိပါ
၆	မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)	နိမ့်	မြေပြိုခြင်းမျှသာ၊ ထိုနေရာတွင် လူနေမှု မရှိပါ။
၇	ပြည်တွင်းနေရပ် စွန့်ခွါ ရွှေ့ပြောင်း ခံရသူများ(IDP)	နိမ့်	မရှိပါ
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	နိမ့်	မရှိပါ

၉	ငါးကန်ပိုင်ရှင်	နိမ့်	မရှိပါ
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	အလုပ်အကိုင် အခွင့်အလမ်းနည်းပါး၍ ပြည်ပထွက်ခွာလုပ်ကိုင်ရခြင်းကြောင့်ကူး စက်ရောဂါများ ရရှိလာနိုင် ပါသည်။
၁၁	လူနည်းစု လူမျိုးများ	နိမ့်	မရှိပါ
၁၂	ဒေသတွင်း ပဋိပက္ခ ဧရိယာ	နိမ့်	မရှိပါ
၁၃	ဝေးလံခြင်း	မြင့်	မြို့ပြနှင့်မနီးလှသော်လည်း လမ်းပန်း ဆက်သွယ်ရေးမလွယ်ကူပါ
၁၄	ရွှေတွင်းလုပ်သား	နိမ့်	မရှိပါ
၁၅	ဆေးစွဲသူများ	နိမ့်	မရှိပါ
၁၆	ကူးစက်ရောဂါရနိုင်ခြေ ရှိသောသူများ	လတ်	ယခုလက်ရှိတွင်မရှိသေးပါ။အခြားဒေသသို့ ရွှေပြောင်း လုပ်ကိုင်သူများမှာကျေးရွာရှိ အိမ်ထောင်စု၏ သုံးပုံနှစ်ပုံခန့်ရှိ ပါသည်။
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	နိမ့်	လူနည်းစုမျှသာဖြစ်ပါသည်။
၁၈	ရွှေပြောင်းလုပ်သားများ	မြင့်	လူကုန်ကူးခံရနိုင်ခြင်း၊ ကူးစက်ရောဂါရနိုင်ခြင်း
၁၉	ကားသမား	နိမ့်	မရှိပါ
၂၀	အခြား		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အခြားဒေသများသို့ ရွှေပြောင်းလုပ်ကိုင်သူများမှာ လူငယ်အများစုဖြစ်၍ ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ အမျိုးသမီးဦးဆောင်သော မိသားစုများ၊ ကျပန်းမိသားစုများမှာ သဘာဝအရင်း အမြစ်များ ရှားပါး၍ အလုပ်အကိုင် နည်းပါးမှုကြောင့် စားနပ်ရိက္ခာဖူလုံရန် ခက်ခဲခြင်းတို့ဖြင့် ရင်ဆိုင်နေကြရသည်။

၂။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်းဆော င် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ကာလသား၊ ကာလသမီး အဖွဲ့	၂	၂၀	၁ ၈	၃၈	သာရေးနာရေး တွင် ဝင်ရောက်ကူညီ	၄	၆
၂	ဂေါပက အဖွဲ့	၃	၅	-	၅	ဘာသာရေးနှင့် ပတ် သက်သော	၄	၈

						လုပ်ငန်း များနှင့် အလှူခံများကို ဦးဆောင်ပါသည်။		
၃	အမျိုးသမီး ရေးရာ	၂	-	၅	၅	အလုပ် လုပ်မှု မရှိပါ။	၅	၈
၄	ဓမ္မစကြာ အဖွဲ့	၃	၃	၁၈	၂၁	နေ့ကြီးရက်ကြီး များတွင်အိမ်များ၌ ရွတ်ဖတ်ခြင်း။	၄	၇
၅	ကြက်ခြေနီ	၃	၄	၃	၇	ကျေးရွာတွင်း ကျင်းပသော ပွဲတော်များတွင် ကူညီဆောင်ရွက်	၅	၈
၆	ကျောင်း ကော်မတီ	၂	၇	၃	၁၀	စာသင်ကျောင်း အတွက် ဖြည့်ဆည်း ဆောင်ရွက်ခြင်း	၄	၆

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းရှိ အဖွဲ့များ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်ကျေးရွာအတွင်းရှိ **ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များ**မှာ ကျေးရွာအတွင်း လက်ရှိဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ဘာသာရေး၊ ပညာရေးနှင့် ဘေးကင်းလုံခြုံရေးအတွက်သာ ရည်ရွယ်ဖွဲ့စည်းထားသော်လည်း အဖွဲ့အချင်းချင်း ဆက်သွယ် ဆောင်ရွက်မှုများ အားနည်းသည့်အပြင် အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် မည်သို့ ဆောင်ရွက်ရမည်ကိုလည်း စနစ်တကျ ဆောင်ရွက်တတ်သည့် အလေ့အထများပါ ကျင့်သုံး နိုင်ခြင်းမရှိသေးသည့် အခြေအနေတစ်ရပ် ဖြစ်ပါသည်။ သို့သော်လည်း မိမိတို့ကျေးရွာသည်

စည်းလုံးမှုကို အားပြုလျှက် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်းအားဖြင့် စတင်ဆောင်ရွက်ပြီး တစ်ရွာလုံး ပူးပေါင်းပါဝင်လာမည်ကို အသေအချာ ယုံကြည်ပါသည်။

၂.၁.၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇/၈)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	Unicef	၂	ကျောင်းအိမ်သာ (၂) ခန်း တွဲအား ဆောက်လုပ်ရန် ငွေ (၁၀) သိန်း ချထားပေးခြင်း။
၂	KNU	၃	ရေပိုက်တပ်ရန် ငွေ (၉)သိန်းကျခံပေး။
၃			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄)ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

ကျေးရွာနှင့် အဆက်အသွယ် ပြုနေသော ပြင်ပ အဖွဲ့အစည်းများ

ကျေးရွာပြင်ပမှ အကျိုးပြုအဖွဲ့အစည်းများမှာ Unicef၊ KNUတို့ ဖြစ်ကြပါသည်။ နိုင်ငံတော် အစိုးရမှ ဂျင့်ကား-ဒူးရင်းပင်ရှောင်လမ်းအား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးခြင်း၊ လယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးခြင်းကို သက်ဆိုင်ရာဦးစီးဌာနမှတဆင့် ဆောင်ရွက်ပေး၍ စာသင်ကျောင်း အိမ်သာ (၂) ခန်းတွဲ ဆောက်လုပ်ခြင်းကို Unicef မှ သော်လည်းကောင်း၊ အိမ်များသို့ ရေပိုက်တပ်ဆင်ခြင်းကို KNU မှ လျှဒါန်းခြင်းဖြင့် သော်လည်းကောင်း ကူညီမှုများ ရရှိကြပါသည်။

၂.၂ စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ

၂.၂.၁ စိုက်ပျိုးရေးသီးနှံ

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂	၃%	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက် (၁ ဟတ် တာထိ)	၁၃	၁၉%	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)	၂၁	၃၁%	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား (၅ဟတ်တာထိ)	၂၃	၃၄%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ ဧကအထက် (၅ဟတ်တာ နှင့် အထက်)	၉	၁၃%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၆၈**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှမ်းကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု (၂) စု (၃%) သာ ရှိသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ရွာလုံးနီးပါး အားထား လုပ်ကိုင်ကြပါသည်။

၂.၂.၁.၂ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည်			
၂	ရေလွှဲဆည်			
၃	မြစ်ရေတင်စီမံကိန်း			
၄	ဆည်မြောင်း			
၅	အဝီစိတွင်း			
၆	လက်ဝင် ရေတွင်း			
၇	စိမ့်စမ်းရေ			
၈	ချောင်း		၂	တစ်နှစ်ပတ်လုံး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးရေးအတွက် သွင်းရေကို ရေရှမ်းချောင်းမှ တစ်နှစ်ပတ်လုံး တင်ယူစိုက်ပျိုးနိုင်သော်လည်း ရေတင်စိုက်ပျိုးနိုင်သည့် လယ်မှာ (၂) ဧကသာ ရှိပြီး ပိုင်ရှင်မှာ အခြားကျေးရွာမှ ဖြစ်ပါသည်။

၂.၂.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
ကွမ်းသီး	၃၂၀	ပိဿာ	၂၀၀	၁၀၀	၁၅၀	ဇွန်	နိမ့်	မြင့်	
စပါး	၁၉	တင်း	၂၀	၃၀	၂၅	ဇွန်	အလယ်အလတ်	နိမ့်	မြေဆီသြဇာညံ့ထုတ်လုပ်ခြင်းမရှိသေးပါ
ရာဘာ	၁၀၂	ပေါင်	၂၀၀	၈၀၀	၅၀၀	ဇူလိုင်	မြင့်	နိမ့်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကွမ်းသီးမှာဒေသနှင့်သင့်တော်ပြီး သွင်းအားစုလိုအပ်ချက်မှာ အခြားသီးနှံပင်များနှင့် နှိုင်းယှဉ်လျှင် ပြုစုစောင့်ရှောက်မှုနှင့် ကုန်ကျစရိတ်သက်သာသဖြင့် စိုက်ပျိုးသူများ ကြိုက်နှစ်သက်သော သီးနှံပင် ဖြစ်၍ ဧကအများအပြားစိုက်ပျိုးထုတ်လုပ်ကြခြင်းဖြစ်ပါသည်။

ရာဘာစျေးနှုန်းကောင်းချိန်မှ စတင်ပြီး စိုက်ပျိုးလာခဲ့ရာ (၂၅) ဧကခန့် ရာဘာစေး ထုတ်လုပ်နိုင်သည့် အပင်အရွယ်သို့ ရောက်ရှိနေပြီ ဖြစ်သော်လည်း လက်ရှိအချိန်တွင် ရာဘာစျေးနှုန်းကျဆင်းသည့်အချိန်နှင့် တိုက်ဆိုင်နေသဖြင့် ထုတ်လုပ်မှုကို ရပ်ဆိုင်းထားပါသည်။

စပါးစိုက်ပျိုးမြေ (၁၉) ဧက ရှိသော်လည်း ကျေးရွာအပိုင်တွင် (၂) ဧကသာရှိ၍ အခြားကျေးရွာအပိုင်တွင် (၁၇) ဧက ပိုင်ဆိုင်ကြပါသည်။ စပါးအထွက်မှာ တစ်ဧက တင်း (၃၀) သာ ထွက်ရှိပါသည်။ သဲဆန်သော မြေများဖြစ်၍ မိုးစပါးတွင် ရေထိန်းအား မကောင်းခြင်း၊ မိုးရွာသွန်းမှု မရှိသောရက်များတွင် စပါးရေငတ်ခြင်း၊ ပေါင်းမြက်များ ထူပြောခြင်းများကြောင့် စပါးအထွက်နှုန်းလျော့နည်းလာစေပါသည်။

နှစ်ရှည်ပင်ကြီးများ ပေါက်ရောက်သည့် ဥယျာဉ်ခြံများတွင် နေအိမ်များ ဆောက်လုပ်နေထိုင်ကြ၍ အလင်းရောင်ရရှိမှုကို နှစ်သက်သည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်း မရှိပဲ ဝဉ၊ ကွမ်းရွက် ကဲ့သို့သော အလင်းရောင် လိုအပ်မှုနည်းပါသည့် အပင်များ စိုက်ပျိုးခြင်းကို အားထားသင့်ပါသည်။

၂.၂.၁.၄ လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
ထွန်စက်	၀		

ရိတ်သိမ်းစက်	၀	
လက်တွန်းထွန်စက်	၀	
ခြွေလှေ့စက်	၀	
ရေစုပ်စက်	၀	
ခြေနင်းရေတင်စက်	၀	
မျိုးစေ့ချစက်	၀	
မြက်ရိတ်စက်	၃၇	ဥယျာဉ်ခြံနှင့် ရာဘာစိုက်ခင်းများတွင်ပေါင်းမြက် ရှင်းလင်းရန် အသုံးပြုသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၂.၂.၁.၅ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီ၊သြဇာ)	ရှိ	ရာဘာစိုက်ပျိုးရန် အနည်းငယ် ချဲ့ထွင်နိုင်သေးသည်။
ရေအရင်းအမြစ်	ရှိ	မိုးနှောင်းရာသီတွင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရန် ပေါများသည်။
သဘာဝဗြေဆွေး၊ သြဂဲနစ်	မရှိ	မြေဆီလွှာ အာဟာရပြန်လည် ဖြည့်တင်းပေးနိုင်မည့် စနစ်များ လုပ်ဆောင်ခြင်း မရှိသေးပါ။
သြဂဲနစ်ပိုးသတ်ဆေး	မရှိ	
ချေးငွေရရှိမှု	ရှိ	စပါးသီးနှံ အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးပါသည်။ ကွမ်းသီးကုန်သည်များမှ ငွေကိုကြိုတင်ထုတ်ချေးထားပြီး ကွမ်းသီးပြန်ပေါ်ချိန်တွင် ၅%အတိုးဖြင့် ပြန်လည် ဖြတ်တောက်ထားပါသည်။
သွင်းအားစုဈေးကွက်	မရှိ	
ဝန်ဆောင်မှုဈေးကွက်	မရှိ	
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု အခြား(၁)	မရှိ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မိမိတို့ အိမ်ခြံဝင်းများအတွင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရန် နေရာများ ပြုပြင်ယူနိုင်မည်ဆိုလျှင် မိသားစု မီးဖိုချောင်စရိတ်များ ကုန်ကျမှု သက်သာလာမည် ဖြစ်ပါသည်။ ချောင်းရေမှ သွယ်တန်းထားသော ရေဘုံပိုင်များရှိနေခြင်းသည် စိုက်ပျိုးဖြစ်ထွန်းရန် အထောက်အပံ့ကောင်းများ ဖြစ်ပါသည်။

၂.၂.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	ဆင်းရဲသားမိသားစုများအတွက် မြေယာ တိုးချဲ့ စိုက်ပျိုးရန် မြေနေရာများမရှိခြင်း။
ငွေကြေးအရင်းအနှီး လက်လှမ်းမီမှု	ရှိ	ရာဘာစိုက်ပျိုးလုပ်ငန်းတွင် မြေဩာ၊လုပ်အားခအတွက်ချေးငွေရနိုင်သော နေရာအခက်အခဲများရှိပါသည်။
သွင်းအားစုတတ်နိုင်မှု	ရှိ	ရာဘာဈေးနှုန်းများကျဆင်းလာခြင်းကြောင့်အကျိုးအမြတ်များ မရရှိတော့သဖြင့် ထည့်သွင်းနိုင်ခြင်း မရှိတော့ပဲ ထုတ်လုပ်မှု ကိုပါရပ်ဆိုင်းထားခဲ့ရပါသည်။
ကျွမ်းကျင်လုပ်သား ရှားပါးမှု	ရှိ	ဒေသထွက်ကုန်များ ဈေးနှုန်းကျခြင်း၊ ရာဘာအခင်းများသည် အစေးထွက်ရှိမှု နည်းပါးခြင်းများကြောင့် လုပ်သားများသည် တစ်ဖက်နိုင်ငံသို့ ရွှေ့ပြောင်းလုပ်ကိုင်ခြင်း၊
ဆည်မြောင်းရေရရှိမှု	မရှိ	
မိုးရေမလုံလောက်မှု	မရှိ	
စိုက်ပျိုးရေသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်မှု	ရှိ	ချေးငွေရနိုင်မည့်နေရာများမှ ချေးငွေပေးနိုင်မည့် အချိန်ပေါ်မူတည်၍ နောက်ကျခြင်း၊ မြို့သို့သွားရာလမ်းများ ပျက်စီးခြင်းကြောင့် သယ်ယူပို့ဆောင်ရေး ခက်ခဲခြင်း။
ဖျက်ပိုးနှင့်ရောဂါ	မရှိ	စပါးတွင် ဆစ်ပိုးကျရောက်လေ့ရှိပြီး ပြင်းထန်မှုမရှိပါ။
နည်းပညာအကူအညီနှင့် နည်းလမ်းများ	ရှိ	နည်းပညာပေးအဖွဲ့အစည်းများရှာသို့ရောက်ရှိနိုင်မှု မရှိခြင်း၊ ဆက်သွယ်ရေးနည်းပညာများ ရင်းနှီးမှု မရှိခြင်း၊
ဈေးကွက်လက်လှမ်းမီမှု	ရှိ	ဈေးကွက်ချိတ်ဆက်မည့်နည်းလမ်းများမရှိခြင်း။
အစိုးရမူဝါဒနှင့် အစီအစဉ်	မရှိ	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စပါး၊ ကွမ်း စသည့် စိုက်ပျိုးရေးသီးနှံများ၏ အထွက်နှုန်းကို ကြည့်မည်ဆိုလျှင် အလွန်နည်းပါးသည့်အတွက် နည်းပညာ၊ ချေးငွေ၊ ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်ကုန်များကို ထုတ်လုပ်ခြင်း၊ ထွက်ကုန်ပို့ဆောင်မည့် ဆက်သွယ်ရေးလမ်းကြောင်းများ စသည်တို့ကို ကောင်းမွန်စွာ လက်လှမ်း မှီလာမည်ဆိုလျှင် ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

၂.၂.၂ မွေးမြူရေးလုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၂၅	နွားကောင်ရေ (၆၅) ကောင်ရှိပြီး၊ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းတွင် ခိုင်းနွားအဖြစ်သာ သုံး သည်။

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မြင်း		
ကျွဲ		
မြည်း		
လား		
ဆိတ်	၁	ဆိတ်မွေးသည့် အိမ်ထောင်စု(၁)စုသာ ရှိပါသည်။
သိုး		
ဝက်		
ကြက်	၂၀	ကြက်မွေးမြူရေးတွင် ဒေသကြက် မွေးမြူခြင်း ကိုသာလုပ်ကိုင်ကြပြီး ကြက်နာရောဂါ ကျရောက်ချိန်တွင် ဆိုးရွားစွာ ဆုံးရှုံးလေ့ ရှိပါသည်။
ဘဲ		ဘဲမွေးသည့် အိမ်ထောင်စု(၁)စုသာရှိပါသည်။
အခြား		
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ရေချိုငါးဖမ်းလုပ်ငန်း		
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		
ဂဏာန်းမွေးမြူရေးလုပ်ငန်း		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှမ်းကျေးရွာတွင် ဝင်ငွေရလုပ်ငန်းအဖြစ် ဝက်မွေးမြူရေးကို အဓိကထား၍ မွေးမြူလိုကြသည်။ သို့သော် စီးပွားဖြစ်မွေးမြူရန် ငွေအရင်းအနှီးလည်းမရှိချေ။ နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတတို့ကိုသိရှိမှု အားနည်းသဖြင့် ကြက်နာကျခြင်း၊ ဝက်နာကျခြင်းတို့ကြောင့် များစွာဆုံးရှုံးမှု ရှိပါသည်။

၂.၂.၂.၂ မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်
စားကျက်မြေ ရေရရှိမှု	မရှိပါ။မိမိခြံထဲတွင်သာရိတ်ကျွေးပါသည်။
တိရစ္ဆာန်မျိုး	ဒေသမျိုးများကိုသာမွေးမြူပါသည်။
ချေးငွေ	မရှိပါ။
သွင်းအားစုဈေးကွက်	မရှိပါ။
ဝန်ဆောင်မှုဈေးကွက်	မရှိပါ။
ထုတ်ကုန်ရောင်းဝယ်မှု	မရှိပါ။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	တစ်ပိုင်တစ်နိုင်မွေးမြူရေးအတွက် နေရာလုံလောက်မှုများစွာ ကျန်ရှိနေပါ သေးသည်။
အခြား(၁)	
အခြား(၂)	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရွာသူရွာသားများမှာ တစ်နိုင်တစ်ပိုင် မွေးမြူခြင်းအတွက် စိတ်အား ထက်သန်မှုများ ရှိပြီး ချေးငွေနှင့် မွေးမြူးရေးနည်းပညာသာ ရရှိနိုင်ပါက တိရစ္ဆာန်အမယ်စုံ မွေးမြူလာနိုင်မည် ဖြစ်ပါသည်။

၂.၂.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမီမှု	ချေးငွေကို လက်လှမ်းမီမှု မရှိပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	ကြက်တွင်အဖြစ်များပါသည်။
သွင်းအားစုဈေးကွက်	မရှိပါ
ဝန်ဆောင်မှုဈေးကွက်	မရှိပါ
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	ရွာတွင်းသာရှိပါသည်။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ ဗဟုသုတ အလွန်နည်းပါးပြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပညာပေးအစီအစဉ်များ ရယူရန် လိုအပ်ပါသည်။
စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမီမှု	ရှိပါသည်။
ငါးလုပ်ငန်း	
ငါးဖမ်းခွင့် လက်လှမ်းမီမှု	
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	
အရင်းအနှီးလက်လှမ်းမီမှု	
အခြား	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

အထူးသဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများသည် မြို့နယ်တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်မှု အားနည်းကြပါသည်။

၂.၂.၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေး လုပ်ငန်းကဏ္ဍ

၂.၂.၃.၁ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း	၂			လတ် (ဆန်စက် - ၂)
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၄			နိမ့် (လက်သမား - ၄)
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင် ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	၄			လတ် (ကုန်ခြောက်ဆိုင် - ၄)
၈	ဟိုတယ် နှင့် စားသောက်ဆိုင်လုပ်ငန်း	၂			လတ် (လက်ဖက်ရည်ဆိုင် - ၂)
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး	၅			နိမ့် (ဆိုင်ကယ် ကယ်ရီ - ၅)
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၂	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)				
၁၃	ပညာရေး		၂		လတ် (အဓိကအလုပ်အကိုင်မှာ စိုက်ပျိုးရေး ဖြစ်ပါသည်)။
၁၄	ကျန်းမာရေး		၂		(အဓိကအလုပ်အကိုင်မှာ

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
					စိုက်ပျိုးရေး ဖြစ်ပါသည်)။
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)		၄၅		နိမ့် (အိမ်ထောင်စု (၃၀) မှ (၄၅) ဦးသည် ထိုင်းနိုင်ငံ၊ မလေးရှား နိုင်ငံတို့တွင် သွားရောက် လုပ်ကိုင်နေပြီး တစ်နှစ်ကို ၂-၆ ကြိမ်ခန့် ငွေလွဲ ပေးပါသည်။)
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ	၁၇	၄၉		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းမဟုတ်ပဲ အခြားဝင်ငွေရ စီးပွားရေး လုပ်ငန်းများမှာ ကျပန်းလုပ်ငန်း (ဥယျာဉ်ခြံမြေများတွင် ပေါင်းရှင်းခြင်း၊ တောခုတ်ခြင်း)၊ လက်ဖက်ရည်ဆိုင်၊ ဆန်စက်၊ လက်သမား၊ ပန်းရံ၊ ပညာရေး ဝန်ထမ်း၊ ကုန်စုံဆိုင်နှင့် ထိုင်းနိုင်ငံ (ရှမ်းပြည်) သို့ သွားရောက်လုပ်ကိုင်ခြင်း အစရှိသည်တို့ကို လုပ်ကိုင်ကြသည်။ အလုပ်အကိုင်ပေါများသော အချိန်များတွင်သာ ဈေးရောင်း ကောင်း ကြပါသည်။

ပညာရေးဝန်ထမ်းများမှာ ဘွဲ့ရများဖြစ်ကြပြီး ကျေးရွာစာသင်ကျောင်းတွင်ပင် ဆရာမအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။ လက်သမားများမှာလည်း ပွင့်လင်းရာသီတွင်သာ နီးစပ်ရာ ကျေးရွာများတွင် သွားရောက်၍ လုပ်ရသဖြင့် ဝင်ငွေအနည်းငယ်သာ ရရှိကြပါသည်။

ကျေးရွာရှိ အိမ်ထောင်စုများအတွက် အဓိကဝင်ငွေကို ထိုင်းနိုင်ငံ (ရှမ်းပြည်) နှင့် မလေးရှားနိုင်ငံ (အနည်းငယ်) သို့ သွားရောက်ခြင်းမှ ရရှိကြပါသည်။ အမျိုးသား၊ အမျိုးသမီး အချိုးတူ သွားရောက်ကြပါသည်။ တစ်ကြိမ်သွား လျှင် (၃-၆ နှစ်) ကြာမြင့် တတ်ကြသည်။

၂.၂.၃.၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ကျေးရွာအတွင်းတွင်စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အထများ ရှိနေခြင်း (ဥပမာ-နိုင်ငံတော်မှ စာသင်ကျောင်း ဆောက်လုပ်ရန်ငွေ (၉) သိန်းကျပ် ချထားပေးရာ အမှန်တကယ် ကုန်ကျငွေမှာ (၂၇) သိန်း ဖြစ်ပြီး ကျေးရွာသူ/သားများမှ ပူးပေါင်း ပါဝင်ကြခြင်း)	ဈေးကွက်နှင့် ပတ်သတ်၍ အဆက်အသွယ်၊ အမြင်ပွင့်မှု အားနည်းခြင်း
ကြီးပွားတိုးတတ်လိုစိတ်နှင့်ကျေးရွာဖွံ့ဖြိုးရန်စိတ်အား ထက်သန် ကြခြင်း	ရာသီပင်အလိုက်(ဝင်ငွေရသီးနှံပင်များ)စိုက်ပျိုးရန် နည်းပညာ အားနည်းခြင်း
ကုန်ချောထုတ်လုပ်၍တန်ဖိုးမြှင့်ရောင်းချနိုင်သောကုန်ကြမ်းပစ္စည်းများ ရှိခြင်း (ဒူးရင်းသီး၊ နာနတ်သီး၊ ပိန္နဲသီး၊ စုံပဒတ်သီး)	ပညာတတ်မြောက်မှု နည်းပါးခြင်း
ဒေသခံကျေးရွာလူထုမှာ ကျေးရွာလူ အတွင်းတွင် ပင် အလုပ်လုပ် ကိုင်လိုကြခြင်း။	အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အားနည်းခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိခြင်း၊ နည်းပေးလမ်းပြပြုမည့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ ဝင်ရောက်မှု မရှိခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်မှု နည်းပညာ မရှိခြင်း၊ ဝင်ငွေရသီးနှံပင်များ အမယ်စုံစိုက်ပျိုးသည့် အလေ့အထမရှိခြင်းနှင့် နည်းပညာမရှိခြင်းတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားများပင် ဖြစ်ကြသည်။

၂.၃ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	နန်းတောင်(၉.၆ ကီလိုမီတာ)	ပုလော (၁၁.၂၆ ကီလိုမီတာ)
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ဆိုင်ကယ်၊ ကား (ပွင့်လင်းရာသီ)	စက်လှေ၊ ဆိုင်ကယ်၊ ကား(ပွင့်လင်းရာသီ)
ကုန်စည်အမျိုးအစား နှင့် ဝန်ဆောင်ပေးနိုင်မှု	အစားအစာ၊အသေးသုံးဆေးဝါး	အားလုံးရရှိနိုင်(ကောင်းမွန်သော ဝန်ဆောင်မှု)
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	မရှိပါ	ဈေးကြီး၊ အဆောက်အဦကောင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ပုလောမြို့နှင့် (၇)မိုင်သာ ကွာဝေးသဖြင့် နွေရာသီတွင် ဂျင့်ကာကျေးရွာအထိ ကားသွားလာနိုင်ပြီး ကုန်စည်များ ပုလောမြို့သို့ တင်ပို့ရောင်းချရန် လွယ်ကူချောမွေ့ပါသည်။ သို့ရာ တွင် မိုးရာသီ၌

အသုံးပြုသည့်လမ်းမှာ မြေသားလမ်းဖြစ်ပြီး ရွံ့ဗွက်များထူး၍ ကားများသွားလာ နိုင်ခြင်းမပြုနိုင်ချေ။ ထို့ကြောင့် ဒေသထွက်ကုန်များမှာ ကျေးရွာအတွင်းပင် စားသုံးကြပြီး ရောင်းချမှု မပြုနိုင်ပေ။

၂.၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင်သည့် နေရာ	ငွေကြေးဝန်ဆောင်မှု အမျိုးအစား	ပြန်လည်ပေးဆပ်ရမည့် ကာလ	အတိုးနှုန်း	အပေါင်ခံပစ္စည်း လိုအပ်မှု	ချေးငွေ ရရန် အခက် အခဲများ
အစိုးရဘဏ် (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)	ချေးငွေ	(၇)လ	(၀.၄၂% လတိုး	မရှိပါ	ချမှတ်ထားသော စည်းမျဉ်း၊စည်းကမ်းများအတိုင်း
ပုဂ္ဂလိကဘဏ် ပုဂ္ဂလိကအသေးစား ချေးငွေဝန်ဆောင်မှု ကဏ္ဍ အဖွဲ့အလိုက်ငွေစု/ ငွေချေး အစီအစဉ်					
ငွေချေးပေးသူ	ချေးငွေ	အချိန်အကန့်အသတ်မရှိ(နှစ်ဦးသဘောတူညီသည့်အတိုင်း)	(၅%-၁၀%)၊လတိုး	လိုအပ်မှု မရှိပါ (ကျေးရွာအတွင်းပင်)	နှစ်ဦးသဘောတူညီ ချက်အတိုင်း
အပေါင်ဆိုင်	ချေးငွေ	(၆)လ	(၅%-၁၀%)၊လတိုး	လိုအပ်မှုရှိပါ (ပုလောတွင်ချေးပါက	ချမှတ်ထားသော စည်းမျဉ်း၊စည်းကမ်းများအတိုင်း
မိတ်ဆွေနှင့်ဆွေမျိုးများ					

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှမ်းကျေးရွာတွင် ချေးငွေအား မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိက အပေါင်ဆိုင်၊ ငွေတိုး ချေးသူများထံမှ ရရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီး တစ်ဧကလျှင် (၁၀၀,၀၀၀)ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ (၁,၀၀၀,၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။

ပုဂ္ဂလိကအပေါင်ဆိုင်များမှာ ပုလောမြို့ပေါ်တွင်သာရှိ၍ ချေးယူရန် အပေါင်ပစ္စည်း (ရွှေ)

လိုအပ်ပါသည်။ အပေါင်ပစ္စည်း အပေါ်တွင် မူတည်၍ ချေးငွေပမာဏကို သတ်မှတ်ပေးပြီး အတိုးနှုန်းမှာ ပျမ်းမျှအားဖြင့် (၅ - ၁၀) ကျပ် လတိုး ဖြစ်သည်။ ပျမ်းမျှအားဖြင့် အပေါင်ကာလကို (၆) လ သတ်မှတ်ထားပါသည်။

ငွေတိုးချေးသူ

ကျေးရွာတွင်း၌ပင် ငွေချေးယူနိုင်ပြီး အတိုးနှုန်းမှာ ပျမ်းမျှအားဖြင့် (၅ - ၁၀) ကျပ်၊ လတိုးဖြစ်ပြီး ငွေပမာဏမှာ (၃,၀၀၀,၀၀၀) ကျပ် အထိပင် ချေးယူနိုင်သည်။ ယခင်က အတိုးနှုန်းမှာ (၁၀) ရာခိုင်နှုန်းတိုး ဖြစ်ပါသည်။

၂.၅ သဘာဝဘေးအန္တရာယ်လျော့ချခြင်းအပါအဝင်ပတ်ဝန်းကျင်နှင့် သဘာဝအရင်း အမြစ်များ စီမံခန့်ခွဲမှု

၂.၅.၁ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	လတ်	တောင်ကုန်းများကိုခုတ်ထွင်၍ သီးနှံ စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာများ မျောပါဆုံးရှုံးခြင်း၊ လယ်မြေများတွင် သဘာဝ မြေဩဇာ ပြန်လည်ထည့်သွင်းမှု မရှိခြင်း။
အပင်မျိုးစိတ်များ	မြင့်	တောတောင်များ ရှင်းလင်း၍ ရော်ဘာများ နေရာလပ် မကျန် စိုက်ပျိုးလာခြင်း။
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	နိမ့်	
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ	နိမ့်	
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်	စိုက်ပျိုးမြေများ ချဲ့ထွင်လာခြင်း။
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	နိမ့်	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၂.၅.၂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

ဇယား (၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/ လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ်လျော့ ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	လတ်	ချောင်းများတိမ်ကောလာ	မရှိ

		၍ ပုံမှန်ထက် မိုးရွာသွန်းမှု များသည့်နှစ်များတွင် စိုးရိမ်ရနိုင်သည်။	
မီးဘေး	နည်း		
မုန်တိုင်း	များ	ကမ်းရိုးတန်းဒေသဖြစ်၍ မုန်တိုင်းဖြစ်ပေါ်လျှင် ဆိုးဝါးစွာ ထိခိုက်နိုင်ပါသည်။	မရှိ
ငလျင်	နည်း		
မိုးခေါင်ခြင်း	နည်း		
အအေးလှိုင်း	နည်း		
ပဋိပက္ခ ဖြစ်ပွားမှု	နည်း		
တိရိစ္ဆာန်ရောဂါဖြစ်ပွါးမှု	နည်း		
လူရောဂါဖြစ်ပွါးမှု	လတ်	တစ်ဖက်နိုင်ငံသို့ ရွှေ့ပြောင်း လုပ်ကိုင်သူများ သဖြင့် ခုခံအား ကျဆင်းမှု ရောဂါကဲ့ ရောဂါများ ဖြစ်နိုင်သည်။	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၂.၆ ပညာရေး

၂.၆.၁ ပညာရေးနှင့်စာတတ်မြောက်မှု

ဇယား (၂၇) ပညာရေး နှင့် စာတတ်မြောက်မှု

ပညာရေး	ကျား	မ	ပေါင်း	၉ နှစ်နှင့် အထက်၊ ကျောင်းနေ လူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၀	၀	၀	၀.၀၀%
ဘာသာရေးအခြေပြုပညာရေး	၁၀	၁၅	၂၅	၇.၃၃%
မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သူဦးရေ	-	-	-	- %
မူလတန်းပညာရေး ပြီးဆုံးသူဦးရေ	၁၃၃	၁၃၆	၂၆၉	၇၈.၈၉%
အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ	၈	၂၁	၂၉	၈.၅၀%
အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ	၂	၄	၆	၁.၇၆%
တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ	၆	၆	၁၂	၃.၅၂%
၉ နှစ် အထက် လူဦးရေပေါင်း	**၁၅၉**	**၁၈၂**	**၃၄၁**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မှတ်ချက်။ ။ မူလတန်းမပြီးမီ ကျောင်းထွက်သူဦးရေ စာရင်းကို ကောက်ယူခြင်း မရှိခဲ့ပါ။

၂.၆.၂ ကျောင်းတက်နှုန်း

ဇယား (၂၈) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-၉နှစ်)	၃၇	၃၆	၇၃	၇၃/၅၈=၁၂၆%
အလယ်တန်း (၁၀-၁၄နှစ်)	၂၇	၁၆	၄၃	၄၃/၆၂= ၆၉%
အထက်တန်း(၁၅-၁၆ နှစ်ကြား)	၁၁	၁၆	၂၇	
တက္ကသိုလ်ကျောင်းသား၊သူ	၆	၆	၁၂	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

လက်ရှိမူလတန်းတက်ရောက်နေသူဦးရေမှာ မူလတန်းကျောင်းနေအရွယ် (၅-၉) နှစ် အရေအတွက်နှင့် နှိုင်းယှဉ်လျှင် (၂၆) ရာခိုင်နှုန်း ပိုနေခြင်းမှာ မူလတန်း တက်ရောက်နေသူ အချို့မှာ (၉) နှစ်ထက် အသက်ကြီးနေသောကြောင့် ဖြစ်ပါသည်။

၂.၆.၃ စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမီမှု

ဇယား (၂၉) စာသင်ကျောင်းဆောင် အခြေအနေနှင့် လက်လှမ်းမီမှု

အကြောင်းအရာ	မူလတန်းကျောင်း			အလယ်တန်းကျောင်း		
ရွာမှအကွာအဝေး(ကီလိုမီတာ)	ကျေးရွာတွင်း			၉.၆၅ ကီလိုမီတာ(နန်းတောင်ကျေးရွာ)		
သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု	လမ်းလျှောက်			ဆိုင်ကယ်(ထိုကျေးရွာတွင်ညအိပ်)၊ ပုလော (၁၁.၂ကီလိုမီတာ)		
စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်)	(၃၀ပေ၊၆၀ပေ၊၁၂ပေ)			သေချာမသိရှိ		
အမိုး၊နံရံ၊အခင်း အရည်အသွေး	ကွန်ကရစ်ခင်း၊သွပ်မိုး၊ အုတ်ကာ			ကွန်ကရစ်ခင်း၊သွပ်မိုး၊ အုတ်ကာ		
ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ)	လုံလောက်မှုအားနည်း(၃ ဦးတွဲစားရေးခုံ+ထိုင်ခုံ (၅)စုံလိုအပ်၊ကျောင်းမျက်နှာကျက်မရှိ			ပြည့်စုံမှုရှိ		
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
		၅	၅	သေချာမသိရ		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှမ်းကျေးရွာ၏ ရွာဦးတွင် မူလတန်းကျောင်း တည်ရှိပြီး စာသင်ကျောင်းမှာ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး နိုင်ငံတော်မှ ပံ့ပိုးငွေ (၉၀၀,၀၀၀) ကျပ် နှင့် ကျေးရွာလူထုမှ ထည့်ဝင်ငွေ (၁,၈၀၀,၀၀၀) ကျပ်တို့ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ စာသင်ကျောင်း

အဆောက်အဦမှာ ကောင်းမွန်သော်လည်း ကျောင်းမျက်နှာကြက် မရှိသောကြောင့် ကလေးငယ်များ အေးချမ်းစွာ ပညာသင်ယူရန် အဟန့်အတား ဖြစ်စေပါသည်။

၂.၆.၄ ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၀) ပညာရေး အခက်အခဲ နှင့် ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	ဆရာမ (၅) ဦး
တပည့် - ဆရာ အချိုး	၁၅
မူလတန်းပညာ ကျောင်းထွက်နှုန်း	မူလတန်းတွင် ကလေးအားလုံးမှ ကျေးရွာအတွင်း ကျောင်းထားရခြင်းကြောင့်လည်းကောင်း၊နိုင်ငံတော်မူဝါဒကြောင့် သော်လည်းကောင်း ကျောင်းသားအားလုံး ကျောင်းတက်နိုင်ကြပါသည်။
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိပါ
ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ	လုံလောက်မှုရှိပါသည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	အလယ်တန်းနှင့် အထက်တန်းကို ပညာသင်ကြားရန် နှန်းတောင်နှင့် ပုလောမြို့သို့ပို့ရသဖြင့် ကျေးရွာ ကျောင်းသား၏ သုံးပုံ နှစ်ပုံခန့်သာထားနိုင်ပါသည်။ အထက်တန်းတွင်မူ (၂၇) ဦးသာကျောင်းထား နိုင်ကြသည်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	နိုင်ငံတော် နေထူးနေမြတ်များတွင် အားကစားပွဲတော်များ စီစဉ်ပေးခြင်းနှင့်စာသင်ကျောင်း၏ လိုအပ်ချက်များအား ကျေးရွာနှင့် ညှိနှိုင်းဆောင်ရွက်ရာတွင် ဦးစီးဆောင်ရွက်ခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

မူလတန်းကျောင်း တစ်ကျောင်းရှိပြီး တာဝန်ကျ ဆရာမ(၅) ဦး (ကျောင်းအုပ် ဆရာမကြီး အပါအဝင်) ရှိပါသည်။ တပည့်၊ ဆရာအချိုးမှာ (၁၅) ဖြစ်၍ ဆရာ၊ဆရာမ လုံလောက်မှု ရှိပါသည်။ သို့ရာတွင် စာသင်ကျောင်းမှာ မူလတန်းကျောင်းဖြစ်၍ အလယ်တန်းနှင့် အထက်တန်းကို ဆက်လက်သင်ယူရန် ပညာသင်စရိတ်ကို မတတ်နိုင်ကြချေ။ ကျောင်းစရိတ်များလွန်းခြင်းကြောင့် ကျောင်းနှုတ်၍ ရှမ်းပြည် (ထိုင်းနိုင်ငံ) သို့ သွားရောက် အလုပ်လုပ်ကိုင်ကြသည်မှာ ကျေးရွာ၏ သုံးပုံ နှစ်ပုံခန့်ပင် ဖြစ်သည်။

၂.၇ ကျန်းမာရေးနှင့်အာဟာရ

၂.၇.၁ အဖြစ်များသောရောဂါများ

ဇယား (၃၁) အဖြစ်များသော ရောဂါများ

၁။ ငှက်ဖျား	၂။သွေးလွန်တုပ်ကွေး	၃။ဝမ်းလျောဝမ်းပျက်	၄.
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှမ်းကျေးရွာသည် တောတောင်များနှင့် ထိစပ်လျက် တည်ရှိသောကြောင့် ငှက်ဖျားရောဂါကို အများဆုံးခံစားကြရသည်။ သွေးလွန်တုပ်ကွေးရောဂါသည် တပေါင်း၊ တန်ခူးနှင့် ဝါခေါင်လတို့တွင် ကလေးများ၌ အဖြစ်များပြီး ပုလောဆေးရုံသို့ တက်ရောက်ရသည်အထိ ဖြစ်လေ့ရှိသည်။ ဝမ်းလျော ဝမ်းပျက်ရောဂါကို နွေရာသီ နှင့် မိုးဦးကျတို့တွင် အဖြစ်အများဆုံး တွေ့ရသည်။

၂.၇.၂ ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (ကီလို)	အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာ ရေး ဌာန	၉.၆၅ ကီလို	လုံလောက်မှု မရှိ	သားဖွားဆရာမ (၁) ဦး ကြီးကြပ်-၁ (၁) ဦး	နာဖျားကဲ့သို့သော အသေးအဖွဲကိစ္စရပ်များနှင့် မီးဖွားခြင်း တို့ကိုလုပ်ဆောင်နိုင်(ထိုအတွက်ဆေးဝါးလုံလောက်မှုမရှိ)	နန်းေောင်
ဆေးရုံ	၁၁.၂၆ ကီလို	လုံလောက်မှုရှိ	ဆရာဝန် (၇) ဦး သူနာပြု - (၁၈) အခြား - (၁၃)	ဆေးဝါးလုံလောက်မှုရှိ	ပုလောမြို့ ဆေးရုံ
ဆေးဆိုင်	၁၁.၂၆ ကီလို	လုံလောက်မှုရှိ	ပုလောမြို့တွင်သာဆေးဝါးကျွမ်းကျင်သူရှိ	လက်လှမ်းမီမှု ဆေးဝါး.... သိုလှောင်ပုံစနစ် အအေးခန်းစနစ်	ပုလောမြို့

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှမ်းကျေးရွာတွင် ကျန်းမာရေး အဆောက်အဦး မရှိပါ။ ကျန်းမာရေးဝန်ထမ်း အနေဖြင့် အရံသားဖွားဆရာမ (၂) ဦး ရှိပါသည်။ များသောအားဖြင့် ကျေးရွာတွင်ပင် မီးဖွားကြပြီး အရေးပေါ်မှသာ နန်းတောင်ကျေးရွာ နှင့် ပုလောမြို့သို့ သွားရောက်လေ့ရှိကြသည်။

၂.၇.၃ သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိနိုင်မှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
ရေတွင်း						
အဝိစိတွင်း						
အဝိစိတွင်း၊ စက်တွင်း						

ကန် မြစ်/ချောင်း မိုးရေသိုလှောင်ကန် စိမ့်စမ်းရေသွယ်တန်းခြင်း	၁	ကောင်း	ရှိ	ရှိ	ရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှမ်းကျေးရွာတွင် သောက်သုံးရေအတွက် စမ်းချောင်းမှရေကို မှီခိုအားထားရသည်။ (၃)အိမ်တစ်စုလျှင် ရေပိုက်ခေါင်းတစ်ခုဖြင့် သော်လည်းကောင်း၊ (၅)အိမ်တစ်စုလျှင် သော်လည်းကောင်း၊ တစ်အိမ်ချင်းသော်လည်းကောင်း ရေပိုက်ခေါင်းများ တပ်ဆင်အသုံးပြု၍ သုံးစွဲနိုင်ကြပြီဖြစ်သည်။

၂.၇.၄ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ ကျင်းအိမ်သာ တောထိုင်	၆၈	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာရှိ အိမ်ထောင်စုအားလုံးမှာ ယင်လုံအိမ်သာ သုံးစွဲနိုင်ကြသဖြင့် အိမ်သာသုံးစွဲမှုနှင့်ပတ်သတ်၍ ပြဿနာမရှိပါ။

၂.၈ လမ်းတံတား အခြေအနေ

၂.၈.၁ ကျေးရွာ၏ လမ်းတံတားတည်ရှိမှု

ဇယား (၃၅) ကျေးရွာများတွင် လမ်းတံတား တည်ရှိမှု အခြေအနေ

လမ်းတံတား အမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သော နှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	
ရွာတွင်းလမ်း	၁	ကောင်း	၂၀၁၄	ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	၁.၆ကီလို
ချဉ်းကပ်လမ်း	၁	မကောင်း	၂၀၁၄	ပွင့်လင်းရာသီ		၈ ကီလို

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လမ်းတံတား အမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်လုံး
ဆိပ်ခံတံတား					
တံတား					
ကြိုးတံတား	ပေ (၂၈၀ * ၈)				ကြိုးတံတားတည်ဆောက် ပြီးစီး။
ရေပြွန်					

ကျေးရွာတွင်းလမ်းမှာ (၁.၆ ကီလိုမီတာ) ရှည်လျားး၍ မြေသားလမ်းဖြစ်ပြီး တစ်နှစ်ပတ်လုံး သွားလာနိုင်ပါသည်။ သို့ရာတွင် ကျေးရွာသို့ ချဉ်းကပ်လမ်းဖြစ်သည့် ဂျင့်ကာကျေးရွာမှ ဒူးရင်းပင် ရှောင်လမ်းမှာ မြေသားလမ်းဖြစ်၍ မိုးတွင်းကာလတွင် ဗွက်ထ၍ ချောင်းသဖွယ်ပင် ဖြစ်နေပြီး သွားလာရန် အလွန်ပင် ခက်ခဲပါသည်။

ကျေးရွာအုပ်စုတစ်စုလုံးမှထွက်ရှိသော ကွမ်းသီး၊ ကွမ်းရွက်၊ ဒူးရင်းသီး၊ နာနတ်သီး၊ စုံပဒတ်သီး စသည်တို့ကို ဈေးကွက်သို့ များပြားစွာ တင်ပို့ရောင်းချနိုင်ရန်အတွက် ကွန်ကရစ် တံတားတစ်စင်း တည်ဆောက်ပေးနိုင်လျှင် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်လာမည် ဖြစ်ကြောင်း သုံးသပ်ဆွေးနွေးကြပါသည်။

၂.၈.၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ်အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း ပင်လယ်ရေကြောင်း		၂	(၃) လသွားလာနိုင် (ဝါဆို-တော်သလင်း)	

၁ – လှေ၊သမ္ဘာန် ၂ - မော်တော် ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှမ်းကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် စက်လှေ၊ ဆိုင်ကယ်၊ စက်ဘီးတို့ကို အသုံးပြုကြသည်။ ရေလမ်းခရီးကို ဝါဆိုလမှ တောင်သလင်းလအထိ (၃ လခန့်သာ) အသုံးပြုနိုင်ပြီး အခြားသောလများတွင် ချောင်းကောသဖြင့် အသုံးမပြုနိုင်ပါ။ ရေရှမ်းမှ ပုလောသို့ သွားသော စက်လှေခမှာ အသွားအပြန် အတွက် (၂၀၀၀) ကျပ်သာ ဖြစ်သည်။

၂.၈.၃ သယ်ယူပို့ဆောင်ရေးယာဉ်များ နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုး	စက် လှေ၊	စက်ဘီး	မော်တော်	သုံးဘီး၊ဆိုင်ကယ်၊	ဘတ်စ်	မြင်းလှည်း

အစား	လှေ	သမ္ဘာန်	ဆိုင်ကယ်	ထော်လာဂျီ	ကား
အရေအတွက်	၁	၁၆	၃၉		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

တစ်နှစ်ပတ်လုံး ဆိုင်ကယ်ကို အသုံးပြု၍ သွားလာနိုင်ပြီး မိုးတွင်းကာလတွင် သွားလာရန် ခက်ခဲလှပါသည်။ နွေရာသီတွင် ဆိုင်ကယ်ဖြင့် သွားပါက အသွားအပြန် ခရီးစရိတ် (၃၀၀၀) ကျပ်သာ ကုန်ကျမည်ဖြစ်ပြီး မိုးတွင်းကာလတွင် အသွားအပြန် စရိတ် (၅၀၀၀) ကျပ် ကုန်ကျပါသည်။

၂.၉ လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု အခြေအနေ

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်းဆိုလာစနစ်	၃	ကောင်း	မိုးတွင်းကာလများတွင် နေရောင် ခြည်မရ၍ အဆင်မပြေ
အသေးစားရေအားလျှပ်စစ်			
ဒီဇယ်သုံးအင်ဂျင်	၂၇	ကောင်း	တစ်လလျှင် မီးသုံးစွဲမှုအပေါ် မူတည်၍ ကောက်ခံသည်။ (မီးသုံးစွဲမှု တစ်မျိုးတည်းအတွက် ၅၀၀၀ကျပ်၊ ဗီဒီယိုပါလျှင် ၈၀၀၀ ကျပ် စသည်ဖြင့်)
လေစွမ်းအင်			
ဧဝလောင်စာအခြား	၃၃		မီးအိမ်/ဖယောင်းတိုင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှည်ကျေးရွာတွင် ပုဂ္ဂလိက ဒီဇယ်မီးစက်ဖြင့် မီးပေးပြီး မီးသုံးစွဲမှုအလိုက် ငွေကြေးကျခံရပါသည်။

၂.၁၀ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဂျာနယ်	အခြား
အရေ အတွက်	၂		၁၄		၁	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော

သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ နူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ကျေးရွာတွင်း သတင်းအချက်အလက်ရရှိရန် CDMA ဖုန်း (၂) လုံး၊ တီဗွီ (၁၄) လုံးမှသာ ရယူကြသည်။

၂.၁၁ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့် နေရာများအား လက်လှမ်း မှီမှု	မရှိ	ဗွီဒီယိုရုံ
လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု	ရှိ	လူမှုရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း
ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု	ရှိ	ဘာသာရေးပွဲများတွင် ဝန်ဆောင်မှုများ ပေးခြင်း
အားကစားပစ္စည်းများအားလက်လှမ်းမီမှု	မရှိ	ကျေရွာအားကစားကွင်း၊ အားကစား ပြိုင်ပွဲ၊ စသည် တို့တွင် ပါဝင်ခွင့်
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု	မရှိ	ကျေးရွာအဖွဲ့အစည်းများတွင် ကိုယ်စား လှယ် အဖြစ် ပါဝင်ခြင်း၊ စေတနာ့ အကျိုးဆောင်အဖြစ် ဆောင် ရွက်ခြင်း
ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး	ရှိ	ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းလိုစိတ် ဖြစ်ပေါ် စေရေး အတွက် ရိုးရာ အကများ ထိန်းသိမ်းခြင်း၊
စာကြည့်တိုက်၊ အင်တာနက် စသည်များ အားလက်လှမ်းမီမှု	မရှိ	စာကြည့်တိုက်၊အင်တာနက်၊ဂျာနယ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ နူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရိုးရာပွဲတော်များအနေဖြင့် ရိုးရာချည်ဖြူပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပခြင်း၊ ကရင်စာပေ ယဉ်ကျေးမှု သင်တန်းကို နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်ခြင်းစသည့် လူငယ်နှင့် ယဉ်ကျေးမှုဖွံ့ဖြိုးရေးအတွက် ကျင်းပပေးပါသည်။ အသိပညာ ဗဟုသုတရရှာဖွေရန် စာကြည့်တိုက် မရှိပါ။

၂.၁၂ ကျေးရွာတည်ငြိမ်ရေး နှင့် ဘေးကင်း လုံခြုံရေး အခြေအနေ

၂.၁၂.၁ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာအဆောက်အဦး များအား လက်လှမ်းမီမှု	ရှိပါသည်	CDMA ဖုန်းလိုင်းသာ မိပါသည်။ တစ်ရွာလုံး အတိုင်းအတာအရ ဖုန်း (၂) လုံးသာ ရှိပါသည်။
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိပါ	မည်သည့်အာမခံလုပ်ငန်းမျှလက်လှမ်းမီမှုမရှိချေ။
လူထုအခြေပြု သဘာဝဘေးအန္တရာယ်	မရှိပါ	သဘာဝဘေး အန္တရာယ် လျော့ချခြင်း အစီအစဉ်များ မရှိချေ။

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
လျှော့ချရေးအစီအစဉ်		
ရဲစခန်းများအား လက်လှမ်းမီမှု	မရှိပါ	ရဲစခန်းမှာပုလောမြို့တွင်သာရှိ၍ ကျေးရွာလုံခြုံရေး အတွက် လက်လှမ်းမမီပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

ရေရှမ်းကျေးရွာတွင် ဆက်သွယ်ပြောဆိုနိုင်မည့် တယ်လီဖုန်းလိုင်းမ CDMA တစ်လိုင်းသာ ရှိသော ကြောင့် သတင်းအချက်အလက်များကို လက်လှမ်းမမှီခြင်း သာမက ပညာရေး၊ ကျန်းမာရေး၊ သဘာဝ ဘေးအန္တရာယ် စသည့် တို့တွင်ပါ အသိပညာ ဗဟုသုတ အားနည်းကြရပါသည်။

၂.၁၂.၂ မူခင်းဖြစ်ပွားမှု

ဇယား (၄၂) မူခင်းဖြစ်ပွားမှု အခြေအနေ

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	၂။ သာမာန်	၂။ သာမာန်	၂။ သာမာန်	၂။ သာမာန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၀-၂၁ ရက်၊ ဇူလိုင်လ၊ ၂၀၁၅ နှစ်) မှ ရယူပါသည်။

Note: ၁။ စိုးရိမ် ၂။ သာမာန်

အမှုအခင်း ကြီးကြီးမားမားဟူ၍ မရှိပါ။ တစ်ဦးနှင့်တစ်ဦး ရံဖန်ရံခါတွင် ခိုက်ရန်ဖြစ်ပွား သော်လည်း အချင်းချင်းပင် ဖြေရှင်းကြပြီး ကြာရှည်စွာ အမုန်းပွားခြင်း မရှိကြပါ။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
လူသား အရင်းအမြစ် • အလုပ်လုပ်ကိုင်နိုင်သော လူဦးရေများပြားခြင်း။ • လူကြီး၊လူငယ်များ စုပေါင်းလက်တွဲ ဆောင်ရွက်လေ့ရှိခြင်း။	• ရေရှည်ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေ စုစုပေါင်းမှာကျား (၁၀၆) ဦးနှင့်မ (၁၃၉) ဦး၊ စုစုပေါင်း (၂၄၅)ဦးဖြစ်ပြီး ကျေးရွာလူဦးရေ၏ (၅၇)% ရှိပါသည်။ လက်ရှိ အထက်တန်းပညာ တက်ရောက်သင်ကြားနေသူ (၂၇) ဦး၊ တက္ကသိုလ် တက်ရောက်နေသူ (၁၂) ဦး၊ တက္ကသိုလ်ဘွဲ့ရ (၁၂) ဦး ရှိသောကြောင့် အနာဂတ်ကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူစွမ်းအား အရင်းအမြစ်များရှိနေပါသည်။ • ကျေးရွာ၏ အုပ်ချုပ်ရေးကဏ္ဍတွင် လူကြီး၊ လူငယ် လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။
သီးနှံ ထုတ်လုပ်ရေး • စိုက်ပျိုးမြေ ကျယ်ကျယ်ပြန့်ပြန့် ပိုင်ဆိုင်ထားရှိခြင်း	• ရေရှည်ကျေးရွာတွင်ကွမ်းသီး၊စပါးနှင့် ရာဘာသီးနှံများစိုက်ပျိုးထုတ်လုပ်သော်လည်းလက်ရှိ အထွက်နှုန်းမှာ စီးပွားဖြစ်တွက်ခြေကိုက်သည့် အဆင့်အထိ မရှိနိုင်သေးပဲ မိသားစုဝမ်းရေးကို အသင့်အတင့်သာ အထောက်အကူ ပြုနိုင်မည့် စိုက်ပျိုးထုတ်လုပ်သည့်အဆင့်သာ ရှိသေးသည်ဟု ဆိုရမည် ဖြစ်ပါသည်။ သို့သော်လည်း လက်ရှိ သီးနှံစိုက်ပျိုးသည့် မြေဧရိယာကျယ်ကျယ်ပြန့်ပြန့် ပိုင်ဆိုင်ထားရှိမှုနှင့် ဒေသနှင့် ကိုက်ညီသော စိုက်ပျိုးသီးနှံများဖြစ်၍ အထွက်တိုး နည်းပညာအတိုင်း ထပ်တိုးကြိုးပမ်းအားထုတ်လာမည်ဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်းမှ ဝင်ငွေတိုး၍ ရလာနိုင်သည့် အခြေအနေ တစ်ရပ်ဖြစ်လာမည် ဖြစ်ပါသည်။
စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ • ကုန်ချောထုတ်လုပ်နိုင် မည့် ကုန်ကြမ်းများ ရှိနေခြင်း။	• ကျေးရွာအတွင်းတွင် ကုန်ချောထုတ်လုပ်နိုင်သော ကုန်ကြမ်းပစ္စည်း များ ပေါများစွာ ထွက်ရှိနေခြင်းကလည်း ကုန်ချောထုတ် လုပ်ငန်းများ၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး အိမ်နီးချင်းနိုင်ငံ များ တွင် သွားရောက်လုပ်ကိုင်ခြင်းမျိုး မဟုတ်ပဲ မိမိတို့ ဒေသတွင်းပင် လုပ်ကိုင် လိုစိတ်ရှိကြသည့် လူငယ်များရှိနေခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက် ရေး အတွက် အင်အား တစ်ခုပင်ဖြစ်သည်။
ငွေကြေးဝန်ဆောင်မှု • အစိုးရ ချေးငွေ အမျိုးအစား (၂) ခု	• ရေရှည်ကျေးရွာတွင် စပါးသီးနှံအတွက် ချေးငွေကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ	ရှင်းလင်း ဖော်ပြချက်များ
အားရယူနိုင်ခြင်း။	တစ်သိန်းနှုန်းဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် (၆) လတစ်ခါ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင်မိမိတို့စိတ်ပါဝင်စား သူအစုများစုဖွဲ့၍မြို့နယ်သမဝါယမအသင်းနှင့် ချိတ်ဆက်ကာ ချေးငွေရယူနိုင်မည့် နည်းလမ်းများ ရှိပါသည်။
ရေ အရင်းအမြစ် • သောက်သုံးရေ ဖူလုံမှု ရှိခြင်း	• ရေရှုမ်းကျေးရွာတွင် သောက်သုံးရေကို ကျေးရွာရှိ စိမ့်စမ်းရေသွယ်ယူခြင်းမှ ရရှိပြီး တစ်နှစ်ပတ်လုံး လုံလောက် ပါသည်။ အိမ်ထောင်စု(၄၅၅) စုလျှင် ရေတိုင်ငုတ် တစ်ခုနှုန်းဖြင့်သောက်ရေသုံးရေများရရှိနိုင်၍ ပြည့်စုံ ကောင်းမွန်သော သဘာဝသောက်သုံးရေအား လုံလုံလောက်လောက် ရရှိနိုင်ခြင်းသည် ကျန်းမာရေး နှင့်ပတ်သက်၍ အလွန် ကောင်းမွန်သည့် အထောက်အပံ့ တစ်ခုဖြစ်သည့်အပြင်အချိန်ကုန် သက်သာသောကြောင့် ဝင်ငွေရအလုပ်အကိုင်များအတွက် ကောင်းစွာ အချိန်ပေးနိုင်သည်ဖြစ် ပါသည်။
လူငယ် နှင့် ယဉ်ကျေးမှု • လူငယ်များ သည် လူငယ်အသင်းအဖွဲ့ အနေဖြင့် လူကြီးများ၏ဦးဆောင်မှုအောက် တွင် လုပ်ကိုင် ဆောင်ရွက်တတ်ခြင်း။ • မိသားစုကျေးရွာဖြစ်၍ မှုခင်းကြီးကြီး မားမားမရှိခြင်း။	• ကျေးရွာတွင် လူငယ်များအနေဖြင့် လူပျို-အပျိုအဖွဲ့နှင့် သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်မှုရှိကြပြီး ကျေးရွာ လူကြီးများ၏ လမ်းညွှန်မှုများအတိုင်း ဝေယျာဝစ္စလုပ်ခြင်း၊ လုပ်အားပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ဆွေမျိုးမကင်းကြသူများ ဖြစ်ကြပြီး ကြီးကြီးမားမားမှုခင်းများ ဖြစ်ပွားမှု နည်းပါးခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်လည်း ဖြစ်သည်။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး • အဖွဲ့အစည်းဆိုင်ရာ သဘော တရားများကို နားလည်မှု အား နည်းခြင်း။ • စွမ်းရည်မြှင့် ဝန်ဆောင်မှု အဖွဲ့များနှင့်အလှမ်းဝေးခြင်း။	• ရေရှုမ်းကျေးရွာတွင်ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ကျေးရွာအတွင်းအဖွဲ့များ ရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့် တစ်ခု ချိတ်ဆက် ဆောင်ရွက်ခြင်း၊ စုစည်း လုပ်ဆောင်ချက်များတွင်အားနည်းမှုရှိပါသည်။ ကျေးရွာလူထု အနေဖြင့် မြို့နယ်ရှိဦးစီးဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်ရာတွင် အတွေ့အကြုံနည်းခြင်း၊အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြှင့် ဝန်ဆောင်မှုအဖွဲ့များနှင့်အလှမ်းဝေးခြင်း စသည်တို့ကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင် စိန်ခေါ်မှု တစ်ရပ် ဖြစ် သည်။
သီးနှံ ထုတ်လုပ်ရေး • ရာဘာစျေးနှုန်း ကျဆင်းခြင်း • အပင်မျိုးစိတ်များ	• ရေရှုမ်းကျေးရွာတွင် မြေယာတိုးချဲ့စိုက်ပျိုးရန် မြေယာဖော်ထုတ်မည့် နေရာများနည်းပါးသွားပြီ ဖြစ်သောကြောင့် ဆင်းရဲသား မိသားစုများအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဝင်ငွေရရှိမည့် အခွင့်အလမ်း နည်းပါးသွားပြီ ဖြစ်ပါသည်။ ရာဘာ စိုက်ပျိုး ထုတ်လုပ်သော တောင်သူများသည်

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
ပျောက်ဆုံး လာခြင်း	(၂၀၁၂) မှ စတင်၍ ဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် အကျိုး အမြတ်များ မရရှိတော့သဖြင့် ထုတ်လုပ်ခြင်းကို ခေတ္တ ရပ်နားနေပါသည်။ ထို့ကြောင့် ရာဘာစိုက်ပျိုး ထုတ်လုပ်သူများ နှင့် ၎င်းလုပ်ငန်းကို မှီခိုနေသောကျပန်း မိသားစုများအတွက် အလုပ်အကိုင် အခွင့်အလမ်း နှင့် ဝင်ငွေများ ထိခိုက်ခဲ့ရပါသည်။ • ရေရှည်ကျေးရွာပတ်ဝန်းကျင်ရှိ တောင်ကုန်းများကို ခုတ်ထွင်ရှင်းလင်း၍ ရာဘာစိုက်ပျိုးခြင်းကြောင့် မြေဆီလွှာများ မျောပါဆုံးရှုံးခြင်း၊ လယ်မြေများတွင် သဘာဝမြေဩဇာ ပြန်လည် ထည့်သွင်းခြင်း မရှိခြင်း စသည် တို့ကြောင့် စိုက်ပျိုးမြေများတွင် မြေဆီဩဇာ ကြွယ်ဝမှုမှာ အသင့်အတင့်သာ ရှိပါသည်။ အထွက်ကောင်း စပါးမျိုးများကို စိုက်ပျိုးလာခြင်းကြောင့်မာတုမြေဩဇာ သုံးစွဲမှုမြင့်မားလာသည့်အတွက် နောင်တစ်ချိန်တွင် မြေဆီလွှာ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ တောတောင်များ ရှင်းလင်း၍ ရာဘာများ နေရာလပ်မကျန် စိုက်ပျိုးလာခြင်းကြောင့် အပင်မျိုးစိတ်များ ပျောက်ဆုံးလာခြင်း နှင့် တိရစ္ဆာန်မျိုးကွဲများ ရှင်သန်ရန် နေရာရှားပါးလာခြင်း စသည်ဖြင့် အရင်းအမြစ်များ၏ ထိခိုက်မှု မြင့်မားလာနေပါသည်။
တိရစ္ဆာန် မွေးမြူရေး • မွေးမြူရေး နည်းပညာဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း	• ဒေသကြက်များရောဂါဖြစ်ပွားမှုကို အချိန်မှီ မကာကွယ်နိုင်ခြင်း၊ မထိန်းချုပ်နိုင်ခြင်း၊ မွေးမြူရေး နည်းပညာ ဝန်ဆောင်မှု အကန့်အသတ်ရှိခြင်း၊ အဆင့်မြင့် မွေးမြူရေး နည်းစနစ်များ အားနည်းခြင်း တို့ကလည်း မွေးမြူရေး လုပ်ကိုင်သူများအတွက် အဟန့်အတား တစ်ရပ်ဖြစ်သည်။
စိုက်ပျိုး မွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း များ • အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ • ရင်းနှီးငွေမရှိခြင်း။	• စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသောမိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်မှု အားနည်းခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း အတွက် နီးစပ်ရာ ကျေးရွာများ၊ အိမ်နီးချင်း နိုင်ငံများသို့ သွားရောက်ရခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီး လုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေ ရရှိရန် အကန့်အသတ်များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲ ဖြစ်သည်။
ချေးငွေ ဝန်ဆောင်မှု • လက်ရှိရယူနေသော ချေးငွေ များသည် ကာလတို ချေးငွေများဖြစ်၍ အကျိုးအမြတ် နည်းပါးခြင်း	• မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်များ ရှိနေသော်လည်း လယ်စပါး စိုက်ပျိုးသူကိုသာ ထုတ်ချေးခြင်း၊ တင်းကျပ်သော စည်းကမ်းသတ်မှတ်ချက်များ နှင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေ ရရှိရန် အကန့်အသတ်များ ရှိနေဆဲ ဖြစ်သောကြောင့် ကာလရှည်ချေးငွေ အကူအညီပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ လိုအပ်နေဆဲ ဖြစ်ပါသည်။
ကျန်းမာရေး • ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများ	• ရေရှည်ကျေးရွာတွင် အရံသားဖွားဆရာမ(၂)တစ်ဦး ရှိသော်လည်း ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ နှင့် ရောဂါ လက္ခဏာများကို ကွဲပြားစွာ သိရှိနိုင်သည့် ဗဟုသုတများ အားနည်းခြင်းကြောင့် ရာသီအလိုက်ဖြစ်ပွားတတ်သောသွေးလွန်တုပ်ကွေး၊ဝမ်းပျက်ဝမ်းလျှောရော

ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ	ရှင်းလင်း ဖော်ပြချက်များ
လိုအပ်ခြင်း	ဂါများခံစားရသဖြင့် ကျန်းမာရေးကဏ္ဍ တိုးတက်ရေးတွင် အဟန့်အတား ဖြစ်စေနိုင်ပါသည်။
လူငယ် နှင့် ယဉ်ကျေးမှု • ဦးဆောင်သူ လိုအပ်နေခြင်း • သင်ယူလေ့လာခွင့် နည်းခြင်း	• လက်ရှိကာလတွင် ကျေးရွာရှိ လူငယ်အများစုမှာ အထက်တန်းအဆင့် စာတတ်မြောက်မှု အားနည်း ကြပါသည်။ လူငယ်များသည် စုစုစည်း စည်းဖြင့် လုပ်ကိုင် ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်း များ ရှိသော်လည်းဦးဆောင်ပေးနိုင်မည့်သူ မရှိခြင်းနှင့် လူငယ်များအတွက် အသိပညာ ဗဟုသုတရှာဖွေရန် စာကြည့်တိုက် မရှိခြင်းတို့ကလည်း လူငယ်များ၏ သင်ယူလေ့လာခွင့်များကို အဟန့်အတား ဖြစ်စေပါသည်။

ရေရှည်ကျေးရွာ၏ ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

ဇယား (၄၅)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ်	အလားအလာ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
ကဏ္ဍ - အဖွဲ့အစည်း						
၁။	• အဖွဲ့အစည်းများ၏ ဆောင်ရွက်မှု အားနည်းခြင်း	• ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု အားနည်းခြင်း • အဖွဲ့အစည်းများတွင် တိကျသော ရည်ရွယ်ချက်များ မရှိခြင်း • တာဝန်ဝတ္တရား သတ်သတ်မှတ်မှတ် မရှိခြင်း	• ကျေးလက်ဦး/စီး ကဲ့သို့ ကျေးရွာ ဖွံ့ဖြိုးရေး အတွက် ဆောင်ရွက်နေသော ဌာနများ ရှိနေ ခြင်း	• သင်တန်းသားများ၏ တက်ကြွသည့် စည်းရုံးဆော်သြမှုကို ရွာသားများ ချက်ချင်း လက်မ ခံနိုင် သည့်အခါ မအောင်မြင်နိုင်ခြင်း	• ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်မှု အတွက် အားထုတ်ခြင်း • ဦးဆောင်မှု သင်တန်းများ ရယူခြင်း	၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်ရေး • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်း • ခေါင်းဆောင်မှု နှင့်ွေကြေး စီမံခန့်ခွဲမှု သင်တန်းများ စီစဉ်ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး သင်တန်းများ
ကဏ္ဍ - စိုက်ပျိုးရေး						
၂။	• စပါးအထွက်နှုန်း ကျဆင်းခြင်း	• မြေဆီဩဇာမကောင်းခြင်း • စပါးစိုက်မြေများသဲဆန်ခြင်း	• မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်များ ပေးနေခြင်း	• အထွက်တိုးနည်းပညာများအတွက် လက်တွေ့ လုပ်ကိုင်ချင်စိတ်နည်းပါးခြင်း	• နည်းပညာရရှိနိုင်သော စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ခြင်း	၂။ စိုက်ပျိုးရေး ဆိုင်ရာ နည်းပညာဗဟုသုတ၊ကျွမ်းကျင်မှုများတိုးတက်ရေး • မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေး နည်းပညာ သင်တန်း • စပါးအထွက်တိုးနည်းပညာ

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ်	အလားအလာ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
						သင်တန်း(ပိုးမွှားနှင့်ရောဂါ) • စိုက်ပျိုးရေး သွင်းအားစုများ ဆက်သွယ်မှု ရရှိရန် ၃။ရာဘာထုတ်လုပ်မှုဖွံ့ဖြိုးရေး
၃။	• ရာဘာဈေးနှုန်း နည်းခြင်းနှင့် တွက်ခြေမကိုက်ခြင်း	• ဈေးကွက်ပေါက်သည့် အတိုင်းဈေးနှုန်းရခြင်း၊ • လုပ်သားရှားပါးခြင်း၊	• မြို့နယ်စက်မှုသီးနှံဦးစီးဌာနမှ သင်တန်းများပေးနေခြင်း။ • မြို့နယ်ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းရှိခြင်း။	• ရာဘာဈေးနှုန်းနည်း ပါးနေခြင်းကြောင့် တောင်သူစိတ်ဝင်စားမှုအားနည်းနိုင်ခြင်း။	• ဈေးကွက်နှင့်ပက်သက်သော အချက်အလက်များ ဖြန့်ဝေပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ခြင်း။ • နည်းပညာလိုအပ်မှုအတွက် သင်တန်းများပေးခြင်း။	• ဈေးကွက်နှင့်ပက်သက်သော အချက်အလက်များ ဖြန့်ဝေ ပေးနိုင်မည့် နည်းပညာပေး အဖွဲ့များ နှင့် ချိတ်ဆက်ခြင်း။ • လိုအပ်သော နည်းပညာများအတွက် သင်တန်းများ ပြုလုပ်ခြင်း။
ကဏ္ဍ - မွေးမြူရေး						
၁။	• တိရိစ္ဆာန်ရောဂါကျရောက်မှုများခြင်း (ဒေသကြက်)	• မိရိုးဖလာ နည်းလမ်း ဖြင့် မွေးမြူခြင်း • ခေတ်မှီနည်းပညာများ မသိရှိခြင်း	• မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နည်းပညာပေးသင်တန်းများပို့ချပေး နေခြင်း	• လိုက်နာကျင့်သုံးရန် အတွက်ခက်ခဲခြင်း	• မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း	၄။ မွေးမြူရေးလုပ်ငန်း တိုးတက်လုပ်ကိုင်လာရန် အခြေနေကောင်းများ ဖန်တီးခြင်း • နည်းပညာပန်ဆောင်မှု နှင့် သင်တန်းများ ပံ့ပိုးပေးခြင်း ဖြင့် မွေးမြူရေးထွက်ကုန်မြင့်မားစေခြင်း။ • မြို့နယ် မွေးကု ဌာန နှင့် ချိတ်ဆက်ခြင်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ်	အလားအလာ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
						• မွေးမြူရေး ထုတ်လုပ်ရေး အတွက် ဈေးကွက်ချဲ့ထွင်မှု ရရှိရန် လုပ်ဆောင်ခြင်း
ကဏ္ဍ - စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအခြား ဝင်ငွေတိုးလုပ်ငန်းများ						
၁။	• ဒေသထွက်ကုန်ပစ္စည်းများဈေးကောင်းမရရှိခြင်း	• ဈေးကွက်နှင့်ပတ်သက်၍အမြင်ပွင့်မှုအားနည်းခြင်း • မြို့ကြီးများ၏ ဈေးကွက်ကိုချိတ်ဆက်ရန်လက်လှ မ်းမီမှုအားနည်းခြင်း	• ကျေးရွာလူထု(အထူးသဖြင့်အမျိုးသမီးများ) မှ ဈေးကွက်ဖွံ့ဖြိုးလာရန်စိတ်အားထက်သန်ခြင်း • ဒေသထွက်ကုန်များရှိနေခြင်း • စုပေါင်းလုပ်ဆောင်တတ်သည့်အလေ့အကျင့်ကောင်းများရှိခြင်း	• နည်းလမ်းပြသ ဦးဆောင် ပေးမည့်အဖွဲ့ (သို့) လူပုဂ္ဂိုလ်လို အပ် ခြင်း	• ဈေးကွက်ဖွံ့ဖြိုးမှုစိတ်ပါဝင်စားသူများအဖွဲ့ဖွဲ့စည်းခြင်း • ဈေးကွက်မြှင့်တင်ခြင်း ဆိုင်ရာနည်းပညာသင်တန်းများရှိခြင်း • အခြားဒေသများ၏ ဈေးကွက်များသို့သွားရောက်လေ့လာခြင်း • လေ့လာသူအဖွဲ့ဝင်များမှ ရရှိသောနည်းပညာများ၊အတွေ့အကြုံများကိုကျေးရွာတွင်ပြန်လည်ဝေမျှခြင်း	၅။တနိုင်တပိုင်ကုန်ချောထုတ်လုပ်မှုများတိုးတက် ရေး ○ ဈေးကွက်ဆိုင်ရာမြှင့်တင်ခြင်း အမြင်ဖွင့်သင်တန်းများပေးခြင်း။ ○ ကုန်ချောထုတ်လုပ် ခြင်း နည်းပညာတိုးတက်ဖွံ့ဖြိုး ရေး ○ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်း နှင့် လုပ်ငန်းအကောင်အထည် ဖော်ခြင်း
၂။	• အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း	• အသက်မွေးဝမ်း ကြောင်းပညာတတ်မြောက်မှုအားနည်းခြင်း	• လူငယ်များမှာမိမိတို့ဒေသတွင်းပင် လုပ်ကိုင်ရန်ဆန္ဒ ရှိကြခြင်း	• ဈေးကွက်လက်လှမ်းမီမှုမရှိခြင်း • နိုင်ငံခြားဖြစ်ပစ္စည်းများကို အသုံးပြုမှုများပြားခြင်း	• ဒေသနှင့်သင့်လျော်သောအသက်မွေးဝမ်းကျောင်းသင်တန်းများရရှိခြင်း • စုပေါင်းစပ်ပေါင်းတနိုင်တပိုင်ထုတ်လုပ်၍တင်ပို့ရောင်းချသည့် အဖွဲ့များ	၆။ ဒေသနှင့်သင့်လျော် သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာကျွမ်းကျင်မှုများတိုးတက်ရေး • အသက်မွေးဝမ်းကျောင်းဆိုင်ရာကျွမ်းကျင်မှု သင်တန်း

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ်	အလားအလာ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
					ဖွဲ့စည်းဆောင်ရွက်ခြင်း	ပေးခြင်း၊ • အသေးစားကုန် ထုတ်လုပ်သူများအဖွဲ့ဖွဲ့စည်းရေးနှင့် အကောင်အထည်ဖော်ရေး။
ကဏ္ဍ - ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း						
၁။	• စိုက်ပျိုးရေးသွင်းအားစုများအတွက် ရင်းနှီးငွေ မလုံလောက်ခြင်း	• အရင်းအနှီး မတတ်နိုင် ခြင်း • ဝင်ငွေများကို ပညာရေးဘက်တွင် အဓိကထား သုံးစွဲနေရခြင်း • ဝင်ငွေနည်းခြင်း	• မြန်မာလယ်ယာဖွံ့ဖြိုးရေးဘဏ်မှစိုက်ပျိုးရေးချေးငွေ၊ သမဝါ ယမ မှ စိုက်ပျိုးရေး ချေးငွေ တို့ကို လက်လှမ်းမီခြင်း • လက်ရှိမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အပြင် သွင်းအားစုများ (ဓာတ်မြေဩဇာ) အတွက် ချထား ပေးသည့် ကုမ္ပဏီရှိခြင်း။	• ချေးငွေကို အကန့်အသတ် ဖြင့်သာ ထုတ်ပေးသည့် စနစ်ကို လက်ရှိတွင် ကျင့်သုံးနေခြင်း။ • ကုမ္ပဏီများမှ ထုတ်ပေးသော သွင်းအားစုအတွက် အတိုးနှုန်းများပြားခြင်း	• အတိုးနှုန်း နည်းပါးသော ချေးငွေ ရရှိနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း	၇။ထိရောက်သော ချေးငွေဝန်ဆောင်မှုများ အားလက်လှမ်းမီရေး • ချေးငွေရရှိရန်ချေးငွေ ဌာနများနှင့် ချိတ်ဆက်ခြင်း • ချေးငွေအတွက် လိုအပ်သော အထောက်အထားများ ပြင်ဆင်ခြင်း
ကဏ္ဍ - ပညာရေး						
၁။	• အလယ်တန်း၊ အထက်တန်း ပညာများ ဆက်လက်သင်ယူနိုင်ရန်ခက်ခဲခြင်း	• ကျေးရွာတွင်းမူလွန် ကျောင်းမရှိခြင်း • နီးစပ်ရွာအုပ်စုရွာနှင့်မြို့နယ်တို့တွင်သွားရောက် ကျောင်းထားရသဖြင့်ကုန်ကျစရိတ်များလွန်းခြင်း	• မိဘများမှ သားသမီး များပညာရေးအတွက် အားပေးခြင်း၊	• သတ်မှတ်ထားသောကျောင်းသားဦးရေ ပြည့်မီမှုမရှိခြင်း	• ကျေးရွာကျောင်းကော်မတီမှ ပညာရေးဦးစီးဌာန နှင့်ချိတ်ဆက်ပြီးမူလွန်ကျောင်းရရှိရန်ဆောင်ရွက်ခြင်း။	၈။ ကျေးရွာ၏ပညာတတ်မြောက်မှု တိုးတက်ရေး • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ရန် • မူလွန်ကျောင်းဆောက်လုပ်ရေး

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ်	အလားအလာ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
						• ပညာရေးရုံပုံငွေတည်ထောင်ခြင်း။
ကဏ္ဍ - ကျန်းမာရေး						
၁။	• ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီမှုအား နည်းခြင်း	• ကျေးလက်ကျန်းမာရေး ဌာနခွဲ နှင့် ဝေးကွာခြင်း	• မြို့နယ်မှ အရံသားဖွား သင်တန်းများနှစ်စဉ် ပေးနေခြင်းနှင့်သင်တန်း သားထပ်မံခေါ်ရန်လည်း အစီအစဉ်ရှိခြင်း	• မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်မှုအား နည်းခြင်း • မြေနေရာ လိုအပ်ခြင်း	• ကျန်းမာရေးဌာနခွဲဖြစ် မြောက်ရေးကော်မတီဖွဲ့ စည်းခြင်း • ကျန်းမာရေးဦးစီးဌာနှင့် ချိတ်ဆက်၍ကျန်းမာရေးဝန်ထမ်းများတောင်းခံခြင်း၊ကျေးလက်ကျန်းမာရေးဌာနခွဲအတွက်တင်ပြခြင်း	၉။ ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာ စေရေး • ကျန်းမာရေး ဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း • ကျန်းမာရေး ဝန်ထမ်းများ တောင်းခံခြင်း အတွက် တင်ပြခြင်း • ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှုတိုး တက်ရေး • ကျန်းမာရေး အသိပညာပေးဟောပြောပွဲများစီစဉ်ခြင်း
ကဏ္ဍ - လမ်း၊ တံတား၊ ဆက်သွယ်ရေး၊ သတင်း အချက်အလက်						
၁။	• ဒေသထွက်ကုန်များဈေးကွက်သို့ရောက်ရှိရန် ခက်ခဲခြင်း	• ချောင်းကူးတံတားမရှိ ခြင်း • ချောင်းကူးကြိုးတံတား ကျဉ်းမြောင်းခြင်း • သာယာကုန်း-မဒေါ လမ်း မှာ မိုးတွင်းကာလတွင် အသုံးပြုရန် ခက်ခဲခြင်း	• ပုလောမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလမ်းပမ်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်ဦးစီးဆောင်လုပ်နေခြင်း။	• ကုန်ကျစရိတ်များခြင်း • အနီးအနားကျေးရွာများပါပူးပေါင်းပါဝင်လာရန်စည်းရုံးမှု စွမ်းရည် လိုအပ်ခြင်း	• လမ်း၊တံတားကော်မတီဖွဲ့စည်းခြင်း • အခြားနီးစပ်ရာ (၃) ရွာ ဖြင့်ပေါင်းစပ်လုပ်ကိုင်ခြင်း • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြတောင်းခံခြင်း	၁၀။ ပို့ဆောင်ရေး အခြေခံအဆောက်အဦများ တိုးတက် လာစေရေး • လမ်း၊တံတားကော်မတီဖွဲ့စည်းခြင်း • မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီး

စဉ်	အခက်အခဲ/ပြဿနာ	အခက်အခဲဖြစ် စေသော အကြောင်းအရင်း/ဇစ်မြစ်	အလားအလာ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံကိန်း
						ဌာနသို့ တင်ပြခြင်း • ချောင်းကူး(ကွန်က ရစ်) တံတား ဆောက်လုပ် ရန် ချိတ်ဆက်ဆောင် ရွက်ခြင်း။ • သာယာကုန်း-မဒေါ လမ်းအား ကျောက်ချောလမ် း ဖောက်လုပ်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း။
ကဏ္ဍ - ကျေးရွာ မီးလင်းရေး						
၁။	• လျှပ်စစ်မီးမရှိခြင်း	• ရေအားလျှပ်စစ်ကိုစနစ် တကျထိန်းသိမ်းအသုံးပြု နိုင်သည့်နည်းပညာမရှိခြင် • မတည်ရံပုံငွေမရှိခြင်း • ပြုပြင်ထိန်းသိမ်းမည့်အဖွဲ့မရှိ ြင်း	• လျှပ်စစ်ဓါတ်အားထုတ်ယူ သုံးစွဲနိုင်သော စမ်းချောင်းရေသည် တစ်နှစ် ပတ်လုံးရရှိခြင်း • ကျေးရွာလူထုမှလျှပ်စစ်ဓါ တ်အားထုတ်ယူသုံးစွဲနိုင်ရ န်စိတ်ပါဝင်စားမှုရှိ ခြင်း	• နည်းပညာရှင်(သို့)အထေ ာက်အပံ့ပေးနိုင်မည့်အဖွဲ ့ဖြင့်ချိတ်ဆက်ရန် • ချိတ်ဆက်ဆောင်ရွက်သ ည့်အလေ့အကျင့်မရှိ ခြင်း	• ကျေးရွာမီးလင်းရေးကော်မ တီဖွဲ့စည်းရန်။ • ရံပုံငွေတည်ထောင်ခြင်း (လိုအပ်သည့်ကိရိယာများဝ ယ်ယူရန်) • ရေရှည်တည်တံ့မည့်အစီအစ ဉ်များရေးဆွဲခြင်း • နည်းပညာကျွမ်းကျင်သူ များနှင့်ချိတ်ဆက်ခြင်း	၁၁။ကျေးရွာမီးလင်းရေး အတွက်ချိတ်ဆက်လုပ်ဆော င်ခြင်း။ • ကျေးရွာမီးလင်းရေးကော် မတီဖွဲ့စည်းရန်။ • ပုလောမြို့နယ်မှလျှပ်စစ်မီး ပေးသော အဖွဲ့နှင့် ဆက် သွယ် ဆောင်ရွက်ရန်။ • ခန့်မှန်းကုန်ကျငွေ တွက် ချက်ခြင်း

ကိုးကားစာရင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ် ၊ ၂၀၁၅၊ မေ၊

၂။ ပုလောမြို့နယ်၊ ရေရှမ်းကျေးရွာတွင် ၂၀၁၅ခုနှစ်လိုင်လတွင် ကျင်းပခဲ့သော ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်း မှမှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ)စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• .....(ငွေသား) • .....(ငွေသား) • .....(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								

အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ဌား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ